# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၃၀ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၉)၊ အမှတ် (၃၀၁)


# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏

# ၂၀၂၀ ပြည့်နှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၂၀ ပြည့်နှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညိုကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

သတင်းစဉ်

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနား မစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာ့ဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက်ရောက်လာကြသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❍



## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**

**အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်**

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်)

Coronavirus Disease 2019 (COVID –19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့/တိုးမြှင့်ရန် လိုအပ်သည့် ကိစ္စရပ်များမပါ) အား ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# အားကစား၏ တန်ခိုး၊ အမွေအနှစ်၏ တန်ဖိုး

ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ရန် ဆွေးနွေးနေကြကြောင်း ကြားသိရပါသည်။ နေပြည်တော်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဦးဆောင်ဆွေးနွေးခဲ့သည်ဟု သိရ၏။

နိုင်ငံတစ်ခု၏ အရေးကြီးသော ကဏ္ဍများထဲတွင် အားကစားကဏ္ဍလည်း ပါဝင်ပါသည်။ ကမ္ဘာ့နိုင်ငံများကြားတွင် အားကစားကဏ္ဍတိုးတက်မြင့်မားသည်ဆိုခြင်းမှာ နိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းကိုသာမက နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုကိုပါ ဖော်ပြနေသည့် ပြဒါးတိုင် တစ်ခုကဲ့သို့လည်း ဖြစ်ပါ၏။

တစ်ခေတ်တစ်ခါက မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အစရှိသည့် ကဏ္ဍအသီးသီးတွင် ထွန်းထွန်းပေါက်ပေါက်ရှိခဲ့ပါသည်။ အာရှဒေသတွင်းတွင် လျှမ်းလျှမ်းတောက်ဟု ဆိုနိုင်လောက်သည်ထိ ဘက်စုံပေါက်မြောက်ခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးကြားတွင်လည်း မြန်မာနိုင်ငံသည် ဂုဏ်သိက္ခာရှိရှိဖြင့် ရပ်တည်နိုင်ခဲ့သည်မှာ အထင်အရှားဖြစ်ခဲ့သည်။

နိုင်ငံရေးအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ မြန်မာနိုင်ငံ၏ အဆင့်အတန်းကို နိုင်ငံတကာက တလေးတစား ဆက်ဆံနေရာပေးခဲ့ရ၏။ ယင်းသို့သော ဘက်စုံကဏ္ဍများထဲတွင် အားကစားကဏ္ဍလည်း အပါအဝင်ဖြစ်ပါသည်။ ပြေးခုန်ပစ်အားကစားများနှင့် နိုင်ငံတိုင်း အထူးသဖြင့် အလေးထားကြသည့် ဘောလုံးအားကစားတွင် မြန်မာအားကစားသမားများသည် ဆုတံဆိပ်များရယူကာ ရှေ့ဆုံးတန်းတွင် နေရာယူထားခဲ့ခြင်းဖြင့် မြန်မာနိုင်ငံ အလံတော်သည် အရှေ့တောင်အာရှနိုင်ငံများကြားတွင် တလူလူလွှင့်ထူနိုင်ခဲ့ပေသည်။ အားကစားကဏ္ဍတွင် ထိပ်တန်းရောက်ခြင်းသည်လည်း နိုင်ငံတကာအလယ်တွင် အင်အားတစ်ခုဟု ဆိုရပါမည်။

ထိုသို့ အာရှတစ်လွှား ရေပန်းစားခဲ့သည့် မြန်မာ့အားကစားသမားများကို လေ့ကျင့်မွေးထုတ်ပေးခဲ့သည့် အောင်ဆန်းအားကစားကွင်းသည် ရန်ကုန်မြို့တော်အတွက်သာမက မြန်မာနိုင်ငံ၏ အမှတ်ရဂုဏ်ယူဖွယ် အထိမ်းအမှတ် သမိုင်းအမွေအနှစ်တစ်ခုပင် ဖြစ်ချေသည်။

အရှေ့တောင်အာရှကျွန်းဆွယ်နိုင်ငံများဟူ၍ ဖွဲ့စည်းယှဉ်ပြိုင်ခဲ့ကြသော ကျွန်းဆွယ်အားကစားပြိုင်ပွဲများကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ၁၉၅၉ ခုနှစ်က စတင်ကျင်းပခဲ့သည်။ မြန်မာနိုင်ငံအပါအဝင် လာအို၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံ၊ စုစုပေါင်း ခြောက်နိုင်ငံ ပါဝင်ခဲ့ပေသည်။ နောက်ပိုင်းနှစ်များတွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ပါဝင်လာခဲ့ပါသည်။ မူလက အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပွဲများဟု အမည်တွင်ခဲ့ပြီး နောင်တွင် အရှေ့တောင်အာရှအားကစားပွဲဟု ပြောင်းလဲသတ်မှတ်ခဲ့သည်။ ထိုအားကစားပွဲများကို နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပခဲ့၏။ ၁၉၆၁ ဒုတိယအကြိမ်နှင့် ၁၉၆၉ ပဉ္စမအကြိမ် ကျွန်းဆွယ်အားကစားပွဲများကို မြန်မာနိုင်ငံ ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းတွင် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ထိုနှစ်ကြိမ်လုံးတွင် မြန်မာနိုင်ငံက ပြေးခုန်ပစ်အားကစားပွဲများနှင့် ဘောလုံးအားကစားတို့တွင် ပထမနေရာက ဗိုလ်စွဲခဲ့ပေသည်။

အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ရုံမျှသာမက အားကစားပွဲများတွင် ဗိုလ်စွဲနိုင်ခဲ့သည့် အောင်ဆန်းအားကစားကွင်း၏ မှတ်တမ်းမှတ်တိုင်မှာ ဂုဏ်ယူမြတ်နိုးထိန်းသိမ်းထိုက်ပါသည်။ ခေတ်ကာလ ကြာရှည်လာသည်နှင့်အမျှ ဟောင်းနွမ်းလာနေသည့် ယနေ့အချိန်တွင် ပြန်လည်မွမ်းမံထိန်းသိမ်းရန် ဆွေးနွေးပြင်ဆင်နေကြသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။ အဟောင်းအမြင်းဆိုလျှင် စွန့်ပစ်ပစ္စည်းသဖွယ်သဘောထားကြသည့် ခေတ်ဟောင်းအယူအတွေးတို့မှသည် ယနေ့ခေတ် ပြန်လည်ပြင်ဆင်မွမ်းမံအသုံးပြုခြင်းဟူသည့် ခေတ်မီသည့် ကမ္ဘာ့အမြင် ကမ္ဘာစနစ်ကို ဦးတည်လာခြင်းသည်မှာလည်း အားရဖွယ်ဖြစ်ပါသည်။ အားကစားကွင်းများကို ဖျက်သိမ်း၍ ကွန်ဒိုတိုက်ကြီးများ၊ ရှော့ပင်းစင်တာများကို တည်ဆောက်ကာ စီးပွားရှာခဲ့ကြခြင်းဖြင့် အားကစားကွင်းများ ပျောက်ဆုံးသွားခဲ့သည်မှာ သင်ခန်းစာယူစရာဖြစ်ပါသည်။

သမိုင်းအမွေအနှစ်များသည် ငွေကြေးစီးပွားထက် များစွာပိုမိုတန်ဖိုးရှိသည်ကို အလေးအနက်ပြုစရာပင်။

အောင်ဆန်းအားကစားကွင်းကြီး၏ လက်ရှိအနေအထားကို ပိုမိုတိကျသည့် စစ်ဆေးဆန်းစစ်မှုများပြုလုပ်ပြီး မည်သို့ပြန်လည် အသုံးချနိုင်မည်၊ သို့မဟုတ် မည်သို့ပြင်ဆင်ထိန်းသိမ်းရမည်၊ သို့မဟုတ် မည်သို့ပြုပြင်တည်ဆောက်ရမည်တို့ကို အဆင့်ဆင့်စနစ်တကျ ဆောင်ရွက်သွားမည်၊ မည်သို့ပြုလုပ်ဆောင်ရွက်ရသည်ဖြစ်စေ ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ပြည်သူလူထု၏ တန်ဖိုးထားမှုက အရေးကြီးသည်ဟု ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဆွေးနွေးပွဲနိဂုံးချုပ်တွင် မှတ်ချက်ပြုသွားသည်ဟု သိရသည်မှာ နိုင်ငံ၏အရေးပါသော အမွေအနှစ်တစ်ခုကို တန်ဖိုးထားဖို့လိုကြောင်းနှင့် ပြည်သူလူထု၏ အခန်းကဏ္ဍကို ဦးစားပေးရှေးရှုရမည်ဖြစ်ကြောင်းတို့ကို မီးမောင်းထိုးပြသွားခြင်း ပေတည်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော် ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင် ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (သာသနာရေး)မှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇော်နည်ဝင်း ကို သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဒုတိယဝန်ကြီး ဦးအောင်ထူး အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Alexander C. Feldman နှင့် အဖွဲ့အား Video Conferencing ဖြင့် လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ယနေ့ နံနက် ၁၁ နာရီက အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ (US-ASEAN Business Council) ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Alexander C. Feldman နှင့် အဖွဲ့အား ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လက်ရှိ ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ရန်အတွက် COVID-19 Economic Relief Plan-CERP ပါ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးမှုများ၊ အစားအစာ လုံခြုံစိတ်ချရမှုနှင့် Digitalization၊ E-commerce and Social Commerce တို့အတွက် ဆောင်ရွက်နေမှုများနှင့် အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးနှင့် နည်းပညာ အကူအညီများ ပံ့ပိုးပေးသွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။



ဒုတိယဝန်ကြီး ဦးအောင်ထူး အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ (US-ASEAN Business Council)၏ ဥက္ကဋ္ဌဖြစ်သူ Mr. Alexander C. Feldman နှင့် အဖွဲ့အား Video Conferencing ဖြင့် လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

ထို့နောက် US-ASEAN Business Council မှ ပါဝင်တက်ရောက်သည့် စီးပွားရေးလုပ်ငန်းရှင်များက ၎င်းတို့ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသည့် ကဏ္ဍများနှင့် အခြားသိရှိလိုသည့် ဥပဒေလုပ်ထုံးလုပ်နည်းများကိုမေးမြန်းရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ၊ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီအဖွဲ့ဝင် စီးပွားရေးလုပ်ငန်းရှင် ၂၀ ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒစ်ဂျစ်တယ် ပရိသတ်များပါဝင်ရန် ဈေးကွက်မဟာဗျူဟာဆိုင်ရာ ဆွေးနွေးပွဲသို့ MRTV မှ ဝန်ထမ်းများ တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၉**

ဒစ်ဂျစ်တယ်ပရိသတ်များ ပါဝင်ရန် ဈေးကွက် မဟာဗျူဟာဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ဇူလိုင် ၂၈ ရက်က နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက်ကြသည်။ (ယာပုံ)

အဆိုပါ ဆွေးနွေးပွဲကို အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်အဖွဲ့အစည်း (Asia Pacific Broad-casting Union-ABU)က စီစဉ်ကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲ၌ မလေးရှားနိုင်ငံမှ ABU Media Academy အကြီးအကဲ Mr. Steve Ahern က ဒစ်ဂျစ်တယ်ဈေးကွက်ကို မည်သို့အောင်မြင်အောင် လုပ်ဆောင်မည်၊ Free to air radio/TV ရုပ်သံထုတ်လွှင့်မှု Platform များတွင် ပရိသတ်များ တိုးမြှင့်အောင် ဆောင်ရွက်ရန် လိုအပ်မှု၊ Online ပေါ်မှ ကြည့်ရှုသူတွေ များလာအောင် လုပ်ဆောင်ရန် လိုအပ်မှုနှင့် အွန်လိုင်းနည်းပညာသစ်များအား တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်မှု၊ မိမိတို့ လုပ်ဆောင်သည့် အွန်လိုင်းအစီအစဉ်ကို အွန်လိုင်းပရိသတ်များ ပိုမိုကြိုက်နှစ်သက်အောင် လုပ်ဆောင်ရန် လိုအပ်မှုနှင့် အွန်လိုင်းကြည့်ရှုသူ ပရိသတ်များ များပြားလာခြင်းဖြင့် ကြော်ငြာအခွန်အခများ ပိုမိုရရှိလာနိုင်မှုတို့ကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကိုဗစ်-၁၉ ကာလ မိုးစပါးကောက်စိုက်စက်ဖြင့် စိုက်ပျိုးပေးနေ

**ပြင်ဦးလွင် ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ခုနှစ် ကိုဗစ်-၁၉ ကာလအတွင်း တောင်သူများအား မိုးစပါးကောက်စိုက်စက်ဖြင့် စိုက်ပျိုးပေးနေမှု ကွင်းသရုပ်ပြပွဲကို ဝက်ဝံကျေးရွာအုပ်စု မြိုင်ကြီးကျေးရွာတောင်သူ ဒေါ်ခင်သန်းမေ၏ လယ်တွင် ဇူလိုင် ၂၇ ရက်က ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်လွင်ဦးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်မောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်စိုးဦးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ ကြည့်ရှုလေ့လာကြောင်း သိရသည်။

**မောင်ကျော်ကြီး**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်

❍ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်**

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကမ္မဆရာတော် ဘဒ္ဒန္တ စိတြဉာဏ ထံ လည်းကောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိုင်းသောက်ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာ ဘိဝံသ ထံ လည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မရောင်ခြည် ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မ ထံ လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာဆရာတော် ဘဒ္ဒန္တ ကောဝိဒ ထံ လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက နိုင်ငံတော်ဩဝါဒါစရိယ ဈေးကုန်းဆရာတော် ဘဒ္ဒန္တ ကဝိသာရ ထံ လည်းကောင်း၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျိုက္ခမီဆရာတော် ဘဒ္ဒန္တ နန္ဒသာရ ထံ လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မော်ကျွန်းဆရာတော် ဒေါက်တာဘဒ္ဒန္တ စိန္တိတာလင်္ကာရ ထံ လည်းကောင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပြည်ဆရာတော် ဘဒ္ဒန္တ သေဋ္ဌိလ ထံ လည်းကောင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများက နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

*စာမျက်နှာ ၄ သို့*



ဒုတိယသမ္မတ ဦးမြင့်ဆွေ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကမ္မဆရာတော် ဘဒ္ဒန္တ စိတြဉာဏထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိုင်းသောက်ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မရောင်ခြည်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဓမ္မထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်

*စာမျက်နှာ ၃ မှ*

**ရေစက်သွန်းလောင်း အမျှပေးဝေ**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော်ထံမှ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်သည်တော် အကြီးအကဲများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**တက်ရောက်ကြည်ညို**

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တို့ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

သတင်းစဉ်




နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာဆရာတော် ဘဒ္ဒန္တ ကောဝိဒထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

သတင်းစဉ်



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း နိုင်ငံတော်ဩဝါဒါစရိယ ဈေးကုန်းဆရာတော် ဘဒ္ဒန္တ ကဝိသာရထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

သတင်းစဉ်



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျိုက္ခမီဆရာတော် ဘဒ္ဒန္တ နန္ဒသာရထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မော်ကျွန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စိန္တိတာလင်္ကာရထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်




အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပြည်ဆရာတော် ဘဒ္ဒန္တ သေဋ္ဌိလထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



# အလုပ်လုပ်ပြပြီး ဂုဏ်ယူပါ

ဇာတိမာန်ကောင်းကောင်းထားတတ်ကြအောင် လုပ်ကြပါ။ ကိုယ့်နိုင်ငံ ကိုယ်ချစ်ပါ။ ကိုယ့်အမျိုး ကိုယ်ချစ်ပါ။ ဗမာတွေဟာ လူဖျင်းတွေ၊ လူပျင်းတွေ၊ လူကြောက်တွေ၊ လူပိုတွေ၊ လူရိုင်းတွေ၊ လူ့ဂွစာတွေ၊ လူမတရားတွေ၊ ဒီလိုကမ္ဘာမှာ အထင်ခံရအောင် မလုပ်ပါနဲ့။ ဗမာတွေဟာ ဒီလို မဟုတ်ဘူးဆိုတာ အလုပ်လုပ်ပြပြီး ဂုဏ်ယူပါ။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၄ ခုနှစ် မတ်လ ၁၃ ရက်နေ့ ဒုတိယပတ် ဗိုလ်သင်တန်းဆင်းပွဲမိန့်ခွန်းမှ ကောက်နုတ်ချက်)

# (၄၁) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံတက်ရောက်ရေး မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

**စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ Video Conferencing စနစ်ဖြင့် ကျင်းပမည့် (၄၁)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ (41st AIPA General Assembly)သို့ ပါဝင်တက်ရောက်ရေးအတွက် မြန်မာလွှတ်တော်ကိုယ်စားလှယ် အဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် လွှတ်တော်ဝင်း ဇမ္ဗူသီရိခန်းမဆောင်၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် မြန်မာလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်က AIPA အထွေထွေညီလာခံကို Virtual နည်းလမ်းဖြင့် ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ Matters အလိုက် တက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ယခင်အတွေ့အကြုံရှိသူအများစုဖြင့် ဖွဲ့စည်းထားကြောင်း ညီလာခံတွင် ဆွေးနွေးရန်ရှိသည်များကို ရရှိသည့်အချိန်အပေါ်မူတည်၍ စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်၊ AIPA ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်သိန်းက (၄၁) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ တက်ရောက်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု၊ AIPA National Secretariat မှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးဘုန်းကြည်အောင်က (၄၁) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံအစီအစဉ်များ၊ Draft Resolution များနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကိုယ်စားလှယ်အဖွဲ့ဝင်များက ညီလာခံတွင် Matters အလိုက် ဆွေးနွေးမည့် အဆိုမူကြမ်းများ၊ ညီလာခံအစီအစဉ်နှင့် ကြိုတင်ပြင်ဆင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



ထို့နောက် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က ညီလာခံကို မိမိနိုင်ငံမှပင် Virtual Format ဖြင့် ပါဝင်တက်ရောက်ရသဖြင့် အထောက်အကူပြုနိုင်သည့် အခြေအနေမှာ ယခင်ထက် ပိုမိုအားသာမှုရှိကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာကော်မတီ Matters အလိုက် ပါဝင်ဆွေးနွေးကြမည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် National Secretariat တို့သည် စုစည်းမှုမပျက်စေဘဲ အချိတ်အဆက်မိမိဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခင်အကြိမ်များထက် ပိုမိုစိတ်ဝင်စားမှု၊ အသင့်ဖြစ်မှု၊ ဂရုစိုက်မှုတို့ရှိရန်လိုကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် နိုင်ငံပြင်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကိစ္စများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၂၉**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် နိုင်ငံပြင်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကိစ္စများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနတို့၏ ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ရွေးကောက်ပွဲဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံပြင်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကိစ္စများနှင့် စပ်လျဉ်း၍ မဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးရေးအတွက် မဲဆန္ဒရှင်များ ပုံစံ(၁၅)အား ဩဂုတ် ၅ ရက်မတိုင်မီ ဖြည့်စွက်ပေးပို့ကြရန် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ နှိုးဆော်သွားရေးကိစ္စရပ်များ၊ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ စိစစ်ပြီးသည့် ပုံစံ(၁၅)များအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အချိန်မီ ပြန်လည်ပေးပို့နိုင်ရေးအတွက် ဆောင်ရွက်သွားရမည့်ကိစ္စရပ်များ၊ ကြိုတင်ဆန္ဒမဲလက်မှတ်များ မြန်မာသံရုံးများသို့ ပေးပို့ခြင်းနှင့် လျှို့ဝှက်ဆန္ဒပြုပြီး မဲလက်မှတ်များအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့ရေးဆိုင်ရာကိစ္စရပ်များ၊ ကြိုတင်ဆန္ဒမဲပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများအလိုက် အသေးစိတ်လုပ်ငန်းစီမံချက်များ ရေးဆွဲပေးပို့ရေး၊ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် မဲရုံများဖွင့်လှစ်ခြင်းနှင့် နိုင်ငံပြင်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများမှ ချမှတ်ထားသည့် COVID-19 ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ စနစ်တကျ ဆန္ဒမဲပေးနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဟန်ချက်ညီစွာ ဆောင်ရွက်သွားနိုင်ရေး တို့အပေါ် လမ်းညွှန်မှာကြားခဲ့သည်။ ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များက နိုင်ငံပြင်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးနှင့် ဝန်ထမ်းများ ပြည်တွင်း၌ ဆန္ဒမဲပေးရမည့် အစီအစဉ်များ ရှင်းလင်းပြောကြားရေးကိစ္စ၊ ရွေးကောက်ပွဲဆိုင်ရာ ပြည်တွင်း/ပြည်ပ လေ့လာသူများ (Election Observers) လာရောက်မည့်ကိစ္စ၊ နိုင်ငံခြားသံရုံး/ အဖွဲ့အစည်းများမှ ရွေးကောက်ပွဲလေ့လာရန် အဆိုပြုမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ယခုကာလမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နိုင်ငံတကာ လေကြောင်းများ ရပ်နားထားသည့် ကာလဖြစ်သဖြင့် ပုံစံ(၁၅)များ၊ ဆန္ဒမဲပြားများနှင့် ဆန္ဒပြုပြီးမဲလက်မှတ်များအား လုံခြုံစွာနှင့် အချိန်မီပေးပို့ရေးအတွက် ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များနှင့် အချိန်မီ ချိတ်ဆက်ပေးပို့ရေး အစီအမံများ ပြုစုတင်ပြရန်၊ ၂၀၁၅ ခုနှစ်က ရွေးကောက်ပွဲအတွေ့အကြုံကို အခြေခံ၍ လွဲမှား/လစ်ဟာမှုများ မရှိစေရေးအတွက် ကြိုတင်ဆန္ဒမဲပေးမှုလုပ်ငန်း လမ်းညွှန်များကို မြန်မာသံအမတ်ကြီးများနှင့် ဗီဒီယိုကွန်ဖရင့်ပြုလုပ်၍ ရှင်းလင်းပြောကြားကြရန်၊ သံရုံးစိုက်ရာ အိမ်ရှင်နိုင်ငံ၏ ခွင့်ပြုချက်ရရှိပါက မဲရုံများတိုးချဲ့ဖွင့်လှစ်ရေး ညှိနှိုင်းဆောင်ရွက်ကြရန်၊ ရွေးကောက်ပွဲအား လေ့လာလိုသည့် နိုင်ငံခြားသံရုံးများ၊ ပြည်ပမှလေ့လာသူများအား ကူညီပံ့ပိုးရေးကိစ္စများ ညှိနှိုင်းဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားထူး တရားဦး ဓမ္မစကြာမှ ငြိမ်းချမ်းမှုတရား

**မိမိုးအေး(ဘားအံတက္ကသိုလ်)**



### ဝါဆိုလပြည့်နှင့် ဓမ္မစကြာ

ဝါဆိုလပြည့် အခါသမယနေ့ကို **'သန္ဓေ တောထွက် ဓမ္မစက်'** လို့ ကျွန်မတို့ အလွယ်တကူပဲ မှတ်သားထားပါတယ်။ ဗုဒ္ဓရဲ့ ဒီဖြစ်စဉ်သုံးခုလုံး ဝါဆိုလပြည့်နေ့မှာ ဖြစ်ခဲ့တာပါ။ အဲဒီ လပြည့်နေ့မှာ ဗုဒ္ဓလောင်းလျာ ပဋိသန္ဓေယူပါတယ်။ အရာအားလုံးကိုစွန့်ပြီး တောထွက်ခဲ့တဲ့နေ့လည်း ဖြစ်ပါတယ်။ ဘုရားအဖြစ်ရောက်ပြီး ပထမဆုံး ဓမ္မစကြာ တရားကို ဟောခဲ့တာလည်း ဝါဆိုလပြည့်နေ့ပါပဲ။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေက ဒီလပြည့်နေ့ကို အလေးအမြတ်ထားကြတာဖြစ်ပါတယ်။

လောကမှာ ရတနာသုံးပါးထဲက ဘုရားရတနာ ပထမဦးဆုံးပေါ်လာပြီးနောက် ဒုတိယရတနာဖြစ်တဲ့ တရားရတနာ ပေါ်ပေါက်ခဲ့တဲ့နေ့လည်း ဖြစ်ပါတယ်။ အလောင်းတော်ဘဝမှာ အစွန်းရောက်တဲ့ ဒုက္ကရစရိယအကျင့်ကို ကျင့်ကြံနေတုန်းက သူ့ကိုစောင့်ရှောက်လုပ်ကိုင်ပေးခဲ့တဲ့ ရသေ့ငါးဦးကို ဗာရာဏသီပြည် မိဂဒါဝုန်တောမှာ ဗုဒ္ဓက ဟောကြားခဲ့တာဖြစ်ပါတယ်။ ဒီရသေ့ငါးဦး ဖြစ်ကြတဲ့ ရှင်ကောဏ္ဍည၊ ရှင်ဝပ္ပ၊ ရှင်ဘဒ္ဒိယ၊ ရှင်မဟာနာမ်၊ ရှင်အဿဇိတို့ဟာ ဗုဒ္ဓကိုယ်တိုင် သိမြင်ခဲ့တဲ့ တရားထူးကို အရင်ဆုံးကြားနာခွင့်ရကြသူတွေဖြစ်ပြီး သံဃာရတနာအဖြစ် ပေါ်ထွက်လာသူတွေပဲဖြစ်ပါတယ်။

ဝါဆိုလပြည့်နေ့မှာ ဗုဒ္ဓက ဓမ္မစကြာတရားကို ဟောခဲ့တာကြောင့် ဒီလပြည့်နေ့မှာ 'ဓမ္မစကြာသုတ်'ကို အထူးတလည် ရွတ်ဖတ်ပူဇော်ကြပြီး မြန်မာနိုင်ငံမှာတော့ 'ဓမ္မစကြာ အခါတော်နေ့'လို့လည်း ခေါ်ဆိုကြပါတယ်။ ဒီတရားတော်ဟာ ဘုရားအဖြစ်ရောက်ရှိပြီး အစပိုင်း ဖြစ်စဉ်တွေကို ဖော်ပြထားတဲ့ ဝိနယမဟာဝဂ္ဂထဲက 'ပဉ္စဝဂ္ဂိယကထာ'မှာ ပါရှိပါတယ်။ 'ဓမ္မစက္ကပဝတ္တနသုတ္တ' ဆိုတဲ့ နာမည်နဲ့ကတော့ 'မဟာဝဂ္ဂသံယုတ်'မှာ ပါရှိပါတယ်။ 'ဓမ္မစက္ကပဝတ္တန'ရဲ့ အဓိပ္ပာယ်ကတော့ 'တရားတည်းဟူသောစက်ကိုလည်စေခြင်း'လို့ ဖြစ်ပါတယ်။ ဓမ္မစကြာသုတ်မှာ အဓိကအချက် သုံးချက်ရှိတယ်လို့ ကျွန်မနားလည်သဘောပေါက်ပြီး မှတ်သားမိပါတယ်။

ပထမအချက်က လမ်းမှားဖြစ်တဲ့ အစွန်းတရားနှစ်ပါးကို ရှောင်ကြဉ်ဖို့ပါ။ ဒုတိယအချက်ကတော့ လိုက်နာဆောင်ရွက်ရမယ့် အလယ်နည်းလမ်းပါ။ တတိယအချက်ကတော့ သိရမယ့် သစ္စာ လေးပါးပါ။

ရဟန်းတွေ ကျင့်ကြံအားထုတ်တဲ့နေရာမှာ အစွန်းတရား နှစ်ပါးဖြစ်တဲ့-ကာမဂုဏ်တွေမှာ ပျော်ပါးပြီး အားထုတ်တဲ့ အစွန်းတရား(ကာမသုခလ္လိကာနုယောဂ) နဲ့ မိမိကိုယ်ကိုယ် ပင်ပင်ပန်းပန်းနဲ့ အားထုတ်တဲ့ အစွန်းတရား (အတ္တကိလမထာနုယောဂ)တွေကို ရှောင်ရမှာ ဖြစ်ပါတယ်။ ဒီနည်းလမ်းနှစ်ခုလုံးဟာ လျော့လွန်း၊ တင်းလွန်းတာကြောင့် တရားထူးကို မရစေဘူးလို့ ဗုဒ္ဓက ဆိုပါတယ်။

### မဂ္ဂရှစ်ပါး

ဒီနည်းလမ်းနှစ်ခုလုံးကို ပယ်ပြီးရင် ကျင့်သုံးရမယ့် နည်းလမ်းကို ဗုဒ္ဓက တစ်ဆက်တည်းပဲ ပြောခဲ့ပါတယ်။ အဲဒါကတော့ မလျော့လွန်းမတင်းလွန်းတဲ့ 'မဇ္ဈိမပဋိပဒါ' လို့ခေါ်တဲ့ အလယ်လမ်းစဉ်ပါပဲ။ ဒီလမ်းစဉ်မှာ လိုက်နာကျင့်သုံးရမယ့် အချက် (၈)ချက် ပါ ပါတယ်။ အဲဒါတွေကတော့-

၁။ မှန်ကန်စွာမြင်ခြင်း (သမ္မာဒိဋ္ဌိ)
၂။ မှန်ကန်စွာကြံခြင်း (သမ္မာသင်္ကပ္ပ)
၃။ မှန်ကန်စွာစကားကိုပြောဆိုခြင်း(သမ္မာဝါစာ)
၄။ မှန်ကန်စွာအလုပ်ကိုပြုလုပ်ခြင်း (သမ္မာကမ္မန္တ)
၅။ မှန်ကန်စွာအသက်မွေးမြူခြင်း (သမ္မာအာဇီဝ)
၆။ မှန်ကန်စွာအားထုတ်ခြင်း (သမ္မာဝါယာမ)
၇။ မှန်ကန်စွာအောက်မေ့အမှတ်ရခြင်း (သမ္မာသတိ)
၈။ မှန်ကန်စွာ စိတ်ကိုထားခြင်း (သမ္မာသမာဓိ)တို့ပဲ ဖြစ်ပါတယ်။

ဒီအတိုင်း လိုက်နာကျင့်ကြံဆောင်ရွက်တာဟာ မှန်ကန်တဲ့ နည်းလမ်းပဲ ဖြစ်ပါတယ်။

မဖောက်မပြန် မှန်ကန်တဲ့ သစ္စာ(၄)ပါးကို သိဖို့လည်း ဗုဒ္ဓကထပ်ပြီး ရှင်းပြပေးခဲ့ပါတယ်။ အဲဒါတွေကတော့- ဆင်းရဲခြင်းအမှန်တရား(ဒုက္ခသစ္စာ)၊ ဆင်းရဲဖြစ်ကြောင်း အမှန်တရား(သမုဒယသစ္စာ)၊ ဆင်းရဲချုပ်ကြောင်းအမှန်တရား(နိရောဓသစ္စာ၊ နိဗ္ဗာန်)နဲ့ ဆင်းရဲချုပ်ကြောင်း ကျင့်စဉ်အမှန်တရား (မဂ္ဂသစ္စာ) တို့ပဲ ဖြစ်ပါတယ်။

ဗုဒ္ဓရဲ့ တရားဦးဓမ္မစကြာမှာပါတဲ့ အချက်တွေထဲက ပထမဆုံးအချက်အပေါ် ကျွန်မရဲ့ အမြင်လေးကို မျှဝေလိုပါတယ်။ ဒီနေရာမှာတော့ ဗုဒ္ဓက နိဗ္ဗာန်ရောက်ဖို့အတွက် ကျင့်ကြံအားထုတ်ရာမှာ အစွန်းမရောက်ဖို့ ပြောကြားခဲ့တာပါ။ ပုထုဇဉ်တွေဖြစ်တဲ့ ကျွန်မတို့အဖို့ သံသရာမှာ ကျင်လည်နေကြရဦးမှာပါ။ နိဗ္ဗာန်ဆိုတာ မရောက်နိုင်သေးခင် သံသရာမှာ ကျင်လည်နေတဲ့ အခိုက်အတန့်မှာ တစ်ဖက်စွန်းရောက်တာတွေကို ရှောင်ရမယ်လို့ မြင်မိပါတယ်။

ကျွန်မတို့ရဲ့ လူ့အဖွဲ့အစည်းမှာ အစွန်းရောက် သမားတွေ နေရာတိုင်းမှာ ရှိနေတတ်ပါတယ်။ လူမျိုးရေး၊ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး ဘယ်နေရာမှာမဆို ရှိနေတတ်ပါတယ်။ အစွန်းရောက်တာတွေဟာ သံသယတွေ၊ ပဋိပက္ခတွေ၊ မငြိမ်းချမ်းမှုတွေ စတဲ့ ဆိုးကျိုးတွေကို ဖန်တီးပေးသလို ဖြစ်စေပါတယ်။ နည်းပညာထွန်းကားတဲ့ ဒီနေ့အိုင်တီခေတ်ကြီးထဲမှာ ဆိုရှယ်မီဒီယာကနေ တစ်ဆင့် အစွန်းရောက်တဲ့၊ ထိလွယ်ရှလွယ်တဲ့ ကိစ္စတွေ တင်ကြတယ်၊ ဖွကြတယ်။ ဒါကို ယုံတဲ့သူတွေကလည်း ယုံကြတယ်၊ နောက်ဆက်တွဲ ပြဿနာတွေ မပြီးဆုံးနိုင်အောင် ဖြစ်ကြတယ်။

> **"ဗုဒ္ဓဝါဒဟာ အကောင်းမြင်ဝါဒ(Optimism)လို့လည်း ယူဆလို့မရသလို အဆိုးမြင်ဝါဒ(Pessimism)သက်သက်လည်း မဟုတ်ပါဘူး။ အမှန်ကို အမှန်အတိုင်းမြင်တဲ့ ယထာဘူတအမြင်(Realizm)သာ ဖြစ်ပါတယ်။ ကျွန်မအမြင်ကို ပြောရရင် ဗုဒ္ဓက အရာအားလုံးကို အကောင်းမြင်တဲ့စိတ်၊ အဆိုးမြင်တဲ့စိတ်နဲ့ မကြည့်ဘဲ တကယ့်အမှန်တရားကိုသာ ကြည့်ပါတယ်။ အဆိုးထဲက အကောင်းကို ထုတ်ယူတာသာ ဖြစ်ပါတယ်"**

### အမှန်အတိုင်းမြင်သည့်ဝါဒ

ကျွန်မ ဉာဏ်မီသလောက်ဆိုရင် ဗုဒ္ဓဝါဒဟာ အကောင်းမြင်ဝါဒ (Optimism)လို့လည်း ယူဆလို့ မရသလို အဆိုးမြင်ဝါဒ(Pessimism) သက်သက်လည်း မဟုတ်ပါဘူး။ အမှန်ကိုအမှန်အတိုင်း မြင်တဲ့ ယထာဘူတအမြင်(Realizm)သာ ဖြစ်ပါတယ်။ ကျွန်မ အမြင်ကို ပြောရရင် ဗုဒ္ဓက အရာအားလုံးကို အကောင်းမြင်တဲ့စိတ်၊ အဆိုးမြင်တဲ့စိတ်နဲ့ မကြည့်ဘဲ တကယ့်အမှန်တရားကိုသာ ကြည့်ပါတယ်။ အဆိုးထဲက အကောင်းကို ထုတ်ယူတာသာ ဖြစ်ပါတယ်။ ဗုဒ္ဓရဲ့အမြင်ဟာ အစွန်းနှစ်ခုကလွတ်တဲ့ အမြင်လို့ ကျွန်မက ယူဆမိပါတယ်။

တကယ်တော့ အရာအားလုံးကို ကျွန်မတို့ အမှန်အတိုင်း မြင်နိုင်ဖို့ အရေးကြီးပါတယ်။ ခုတော့ ကျွန်မတို့တွေဟာ ချစ်ရင် အကောင်းမြင်ပေးကြပြီး၊ မုန်းရင်တော့ အဆိုးမြင်တတ်ကြပါတယ်။ တကယ့် အမှန်တရားကိုတော့ ချစ်ခြင်း၊ မုန်းခြင်းတွေကြောင့် မမြင်နေကြပါဘူး။ ချစ်ခြင်း၊ မုန်းခြင်း အစွန်းတရားကို ရှောင်ပြီး အမှန်အတိုင်းမြင်ဖို့ လိုအပ်ပါတယ်။ အရှိအတိုင်း၊ အမှန်အတိုင်း မြင်မှလည်း တရားမျှတမှုရှိမယ်။ ငြိမ်းချမ်းမှုရှိမှာပါ။ ဒီအချက်ကို ကျွန်မတို့ ကောင်းကောင်းကြီး သတိထားမိဖို့ အရေးကြီးပါတယ်။

ဘယ်အဖွဲ့အစည်းမှာပဲ ဖြစ်ဖြစ် ချစ်ခြင်း၊ မုန်းခြင်းဆိုတဲ့ အစွန်းတရားတွေနဲ့ ဆောင်ရွက်ကြမယ်၊ ဆုံးဖြတ်ကြမယ်ဆိုရင်တော့ မညီမျှမှုတွေ ဖြစ်လာပါမယ်။ မညီမျှတာတွေကြောင့် သွေးကွဲကြပါလိမ့်မယ်။ သွေးကွဲကြတာကြောင့် စည်းလုံးညီညွတ်မှုတွေ ပြိုကွဲကြပါလိမ့်မယ်။ ပြိုကွဲသွားတာကြောင့် ပျက်စီးကြပါတော့မယ်။ ကြောက်စရာ ကောင်းလွန်းတဲ့ ဆင့်ကဲဖြစ်စဉ်တွေပါပဲ။ ဒါကို ကျွန်မတို့ သတိမူကြရပါမယ်။

### အစွန်းရောက်ခြင်းကို ရှောင်ရမည်

ကျွန်မတို့အားလုံးရဲ့ နေ့စဉ်ဘဝမှာ ကြုံတွေ့ရမယ့် ကိစ္စအဝဝကို လုပ်တဲ့အခါ၊ ပြောတဲ့အခါ၊ ကြံစည်တဲ့အခါတွေမှာ အစွန်းရောက်တာကို တတ်နိုင်သမျှ ရှောင်ရှားကြရပါမယ်။ ဒီလို အစွန်းရောက်တဲ့ အလုပ်၊ အပြော၊ အကြံအစည်တွေကို ရှောင်ပြီး အလယ်လမ်းစဉ်မှာ ဗုဒ္ဓလမ်းညွှန်ထားတဲ့ မှန်ကန်တဲ့ ကျင့်စဉ်ရှစ်ရပ်ကို ကျင့်သုံးဖို့ ကျွန်မတို့ ကြိုးစားဖို့လိုပါမယ်။ ဒါမှလည်း နိဗ္ဗာန်မရောက်နိုင်သေးခင် သံသရာမှာ လောကီကောင်းကျိုးကို ခံစားရရှိနိုင်မှာပါ။ အစွန်းမရောက်တာဟာ ကိုယ်ရော သူတစ်ပါးကိုပါ အကျိုးရှိစေပါတယ်။

နေ့စဉ်ဘဝမှာ ကျွန်မတို့ရဲ့လုပ်ကိုင်ပြောဆို ကြံစည်မှုမှာ အစွန်းမရောက်ခဲ့ရင် အမှန်တရားတွေသာ ရှိလာမှာပါ။ အမုန်းတရားတွေ၊ အာဃာတတွေ၊ မညီမျှမှုတွေ၊ ဘက်လိုက်မှုတွေ၊ မတရားမှုတွေ၊ အနိုင်ကျင့်မှုတွေ၊ ဖိနှိပ်မှုတွေ၊ ကြောင့်ကြစိုးရိမ်မှုတွေ၊ ဆင်းရဲပင်ပန်းမှုတွေ၊ မနာလိုဝန်တိုမှုတွေ ဘာတစ်ခုမျှမရှိတော့ဘဲ ငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်း ဖြစ်လာမှာပါ။ လူတိုင်း လူတိုင်း စိတ်အေးချမ်းမှုတွေနဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့အတွက် စားဝတ်နေရေး၊ လူမှုရေး ကိစ္စရပ်တွေ အဆင်ပြေလာမှာပါ။ လောကမှာ စိတ်အေးအေးချမ်းချမ်းနဲ့ အသက်ရှင် နေထိုင်နိုင်တာဟာ လောကနိဗ္ဗာန်ပဲ မဟုတ်ပါလားရှင်။

လူ့အဖွဲ့အစည်းကြီး ညီညွတ်ငြိမ်းချမ်းဖို့ အခြေခံအရေးကြီးတဲ့ အချက်တွေ အများကြီး ရှိမှာပါ။ အဲဒီ အထဲမှာ အစွန်းရောက်တဲ့ အတွေးအခေါ် အယူအဆတွေ မရှိဖို့ကလည်း တစ်ခု အပါအဝင်ပါ။ အထူးသဖြင့် ထိလွယ်ရှလွယ်ပြီး အထိခိုက်မခံတဲ့ ကိစ္စရပ်တွေ၊ မလိုလားအပ်တဲ့ ပွတ်တိုက်မှုတွေ မဖြစ်ပေါ်စေဖို့အတွက် ညင်ညင်သာသာ ကိုင်တွယ်ဖို့၊ ပါးပါးနပ်နပ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အဲဒီလို ဆောင်ရွက်ဖို့ နည်းလမ်းကတော့ အစွန်းရောက်တာတွေကိုပယ်ပြီး အမှန်ကို အမှန်အတိုင်း မြင်ပြီး၊ အမှန်ကို အမှန်အတိုင်း သိရှိပြီး လုပ်ကိုင်ပြောဆို ကြံစည်ရမယ်ဆိုတာပါပဲ။ ကျွန်မတို့ အတူတူကြိုးစားပြီး လုပ်ကြည့်ကြပါစို့လားရှင်။

အစွန်းတရားတွေကို ရှောင်ပြီး အမှန်တရားကို ကျင့်သုံးတာဟာ ငြိမ်းချမ်းမှုတရား ဖြစ်ပါတယ်။ လူသားအားလုံး ချစ်ခြင်း၊ မုန်းခြင်းဆိုတဲ့ အစွန်းတရားတွေနဲ့ ကင်းဝေးကြပါစေ။ အမှန်ကို အမှန်အတိုင်းမြင်ပြီး သာယာအေးချမ်းကြပါစေကြောင်း ဝါဆိုလပြည့်အခါသမယမှာ မေတ္တာပို့သ ဆုတောင်းစကားဆိုလိုက်ပါတယ်ရှင်။ ။

---

## မိတ္ထီလာခရိုင်၌ ချည်မျှင်ရှည်ဝါအထူးဇုန် ဧက ၅၀၀ အတွက် ဓာတ်မြေဩဇာများ ထောက်ပံ့

မိတ္ထီလာ ဇူလိုင် ၂၉

မိတ္ထီလာခရိုင်၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ထောက်ပံ့ပေးအပ်သော ၂၀၁၉-၂၀၂၀ ပြည့်နှစ် မိုး/မိုးနှောင်းချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၅၀၀ အတွက် ယူရီးယားဓာတ်သြဇာအိတ် ၅၀၀ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၂၈ ရက်က မိတ္ထီလာမြို့နယ် ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်၊ မလှိုင်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်နှင့် သာစည်မြို့နယ်များမှ ဝါစိုက်တောင်သူများ၏ ကိုယ်စားလှယ်များထံသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ပေးအပ်သည့် ဓာတ်မြေဩဇာ စုစုပေါင်း အိတ် ၅၀၀ ကို တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးစိုင်းသန်းအောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်သည်။ (ယာပုံ)

"မိတ္ထီလာခရိုင်အတွင်းမှာ ၂၀၁၉-၂၀၂၀ ပြည့်နှစ် မိုး/မိုးနှောင်းချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၅၀၀ ကို စိုက်ပျိုးခဲ့ပြီး မိတ္ထီလာမြို့နယ်မှာ ဧက ၁၀၀၊ မလှိုင်မြို့နယ်မှာ ဧက ၁၅၀၊ ဝမ်းတွင်းမြို့နယ်မှာ ဧက ၁၀၀ နဲ့ သာစည်မြို့နယ်မှာ ဧက ၁၅၀ စိုက်ပျိုးတာဖြစ်ပါတယ်။ ခရိုင်အတွင်းက ဝါစိုက်တောင်သူတွေကို သီးနှံစတင်စိုက်ပျိုးတဲ့အချိန်မှာလည်း ဝါသီးနှံမျိုးစေ့များ၊ စုပ်ပိုးကာကွယ်ဆေး (ဂေါ်ချို)များ ထောက်ပံ့ပေးအပ်တာနဲ့ လိုအပ်တဲ့စိုက်ပျိုးရေးနည်းပညာတွေ ပံ့ပိုးကူညီတာမျိုးတွေ ဆောင်ရွက်ပြီးဖြစ်ပါတယ်"ဟု ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးသိန်းက ပြောသည်။

ချမ်းသာ (မိတ္ထီလာ)



# COVID – 19 ၏ သက်ရောက်မှုများကို တုံ့ပြန်ခြင်းနှင့် အသုံးစရိတ်ဆိုင်ရာ အထောက်အပံ့အစီအစဉ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာသန်း ၂၅၀ ချေးငွေရယူရေးကိစ္စ လွှတ်တော်အတည်ပြု

**နေပြည်တော် ဇူလိုင် ၂၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော COVID–19 ၏ သက်ရောက်မှုများကို တုံ့ပြန်ခြင်းနှင့် အသုံးစရိတ်ဆိုင်ရာ အထောက်အပံ့ အစီအစဉ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာသန်း ၂၅၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ယခု ချေးငွေသည် COVID – 19 ကုစားရေးကိစ္စများအတွက်ဖြစ်သဖြင့် အထိခိုက်ဆုံး ကဏ္ဍများကို စနစ်တကျရွေးချယ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သုံးစွဲရမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ – ၂၀၂၁ ခု ဘဏ္ဍာရေးနှစ် ဘတ်ဂျက်တွင် စီးပွားရေးအခြေအနေများ ပြန်လည်ထိန်းသိမ်း တည့်မတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးကို ၅ ဒသမ ၄၁ ရာခိုင်နှုန်းဖြင့် ရေးဆွဲတင်ပြခဲ့ပါကြောင်း၊ ဌာနအတွက် အသုံးစရိတ်များကို ဦးစားမပေးစေဘဲ နိုင်ငံနှင့် ပြည်သူကို တိုက်ရိုက်အကျိုးပြုစေပြီး အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးနိုင်မည့် အသုံးစရိတ်များကို ဦးစားပေး တင်ပြစေခဲ့ပါကြောင်း၊ ယခုချေးငွေအား အမြန်ထုတ်ယူသုံးစွဲနိုင်စေရန်နှင့် အမှန်တကယ်လိုအပ်သော နေရာများတွင် ထုတ်ယူသုံးစွဲနိုင်စေရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၅၀ ရယူနိုင်ရေးကိစ္စရပ်အပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က ယင်းချေးငွေ ရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

## ပဲခူး – ကျိုက်ထို အမြန်လမ်းမကြီးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈ သန်း ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေး

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပဲခူး – ကျိုက်ထို အမြန်လမ်းမကြီးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈ သန်းချေးငွေ ရယူရေးနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ကျော်လင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း က ယခုအဆိုပြု အမြန်လမ်းမကြီး နှင့် ဆက်စပ်ပြီး ရန်ကုန်မြို့၏ အရှေ့ဘက်ခြမ်းတွင် သန်လျင် – သုံးခွ– ခရမ်း– သနပ္ပင် – ပဲခူး – ကျိုက်ထို စီးပွားရေးစင်္ကြံလမ်းမအသစ် ဖြစ်ထွန်းလာမည်ဖြစ်ပြီး လက်ရှိ ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်နေသည့် ရန်ကုန် – ထောက်ကြန့် – လှည်းကူး– အင်းတကော် – ပဲခူး စင်္ကြံလမ်းပိုင်းနှင့် ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ အဆိုပြုစီမံကိန်းဖြစ်သည့် ပဲခူး – ကျိုက်ထို အမြန်လမ်းမကြီး စီမံကိန်းကြီးပြီးစီးပါက လက်ရှိ ADB ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ရေး လုပ်ငန်းများ စတင်တော့မည်ဖြစ်သည့် ရန်ကုန်မြို့၏ အရှေ့ဘက် စီးပွားရေး စင်္ကြံလမ်း သန်လျင် (သီလဝါ) – သုံးခွ – ခရမ်း – သနပ္ပင် – ပဲခူးလမ်းနှင့် ချိတ်ဆက်ကာ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းအထိ ခရီးသည်နှင့် ကုန်စည်များ လွယ်လင့်တကူ လျင်မြန်စွာ သွားလာနိုင်မည် ဖြစ်ပါကြောင်း။

ထို့ပြင် ရန်ကုန်မြို့ အရှေ့ဘက် စီးပွားရေးစင်္ကြံလမ်းမသစ်ကြီး ဖြစ်လာမည့် သန်လျင် – သီလဝါ – သုံးခွ – ခရမ်း – သနပ္ပင် – ပဲခူး – ကျိုက်ထို လမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် စီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၊ ကုန်လှောင်ရုံများနှင့် ကုန်းတွင်းဆိပ်ကမ်းများ ဖြစ်ပေါ်လာနိုင်ပြီး အဆိုပါ စင်္ကြံလမ်းတစ်လျှောက် နေထိုင်သူများသာမက မြန်မာနိုင်ငံအတွင်းရှိ အခြားဒေသများမှ လာရောက်သူများအတွက်ပါ အလုပ်အကိုင်အခွင့်အလမ်းများ များစွာပေါ်ပေါက်လာမည် ဖြစ်ပါကြောင်း။

အဆိုပါ စင်္ကြံလမ်းတစ်လျှောက် နေထိုင်သူများ၏ တစ်ဦးချင်းဝင်ငွေနှင့် လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာမည်ဖြစ်ပြီး စင်္ကြံလမ်း ဖြတ်သန်းသွားရာ တိုင်းဒေသကြီး / ပြည်နယ်များသာမက မြန်မာနိုင်ငံတစ်ဝန်းလုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီစွာ တိုးတက်စေမည့် စီမံကိန်းကြီး တစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပဲခူး – ကျိုက်ထို အမြန်လမ်းမကြီး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည့် အမေရိကန် ဒေါ်လာ ၄၈၃ ဒသမ ၈ သန်းကို အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ ချေးယူခြင်းအား ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။



ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ချေးငွေရယူရေးကိစ္စကို လွှတ်တော်မှ အတည်ပြုပြီးသည့်အခါ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ချေးငွေစာချုပ်ချုပ်ဆိုနိုင်ရန် ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်မှုအခြေအနေ တိုးတက်မှုကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ပုံမှန်အစီရင်ခံတင်ပြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈ သန်း ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ယင်းချေးငွေ ရယူရေး ကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘော မတူသူရှိသည့်အတွက် မတ်တတ်ရပ်ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရာ သဘောတူ ထောက်ခံသူ ၃၃၆ ဦး ဖြစ်ပြီး ယနေ့အစည်းအဝေး တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ် ၅၅၂ ဦး၏ ထက်ဝက်ကျော်သည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပဲခူး – ကျိုက်ထို လမ်းသစ်ပိုင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၂၇ ဒသမ ၇၇၉ ဘီလီယံ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းချေးငွေရယူနိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘော မတူသူ ရှိသည့်အတွက် မတ်တတ်ရပ်ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရာ သဘောတူထောက်ခံသူ ၃၃၈ ဦးဖြစ်ပြီး ယနေ့အစည်းအဝေးတက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ် ၅၅၂ ဦး၏ ထက်ဝက်ကျော်သည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံ အပြန်အလှန် အသိအမှတ်ပြုမှုအစီအစဉ်များဆိုင်ရာ သဘောတူညီချက်မူဘောင်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ယင်းမူဘောင်ကို လက်မှတ်ရေးထိုးခြင်းဖြင့် အာဆီယံဒေသတွင်းနိုင်ငံများ လွတ်လပ်သောကုန်စည်စီးဆင်းမှုကို မြှင့်တင်နိုင်ပြီး အာဆီယံစီးပွားရေး အားကောင်းလာနိုင်သည့်အတွက် အဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံအတွင်း စီးပွား ရေးကဏ္ဍတွင် ပိုမိုဖွံ့ဖြိုးတိုးတက်စေမည့် အခွင့်အရေးများ ရရှိမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်တွင်းထုတ်လုပ်သူများသည် ၎င်းတို့၏ ထုတ်ကုန်များအတွက် အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်းများကို ဒေသတွင်းရှိ အသိအမှတ်ပြု လက်မှတ်ရ ဓာတ်ခွဲခန်းများတွင် ရလဒ်များစစ်ဆေးခြင်းကို ဆောင်ရွက်နိုင်မည့် အခွင့်အရေးများရရှိနိုင်မည်ဖြစ်သည့်အတွက် ပြည်တွင်းထုတ်ကုန်များ၏ ဈေးကွက်ဖော်ဆောင်ရေးကို များစွာ အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

ထို့ပြင် စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ အသိအမှတ်ပြုခြင်း၊ အရည်အသွေး ကိုက်ညီမှုစစ်ဆေးခြင်း၊ တိကျစွာတိုင်းတာခြင်းနှင့် နည်းပညာဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့် သက်ဆိုင်သည့် ကဏ္ဍအသီးသီးရှိ ဝန်ထမ်းများအား လေ့ကျင့် ပေးနိုင်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်အရည်အသွေးများကို မြှင့်တင်နိုင်မည့် အခွင့်အရေးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် ယင်းသဘောတူညီချက် မူဘောင်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးခွင့်ပြုနိုင်ရေး တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်း နိုင်ကြောင်းနှင့် ဩဂုတ် ၅ ရက်တွင် ဆွေးနွေးဆုံးဖြတ်ရန် လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒေသတွင်း ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်တွင် မြန်မာနိုင်ငံက ပါဝင် လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့် စပ်လျဉ်း ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်းနှင့် ဩဂုတ် ၅ ရက်တွင် ဆွေးနွေးဆုံးဖြတ်ရန် လျာထား ပါကြောင်း ကြေညာသည်။

## ၂၀၁၉ – ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ပထမခြောက်လပတ် အခွန်ရငွေစာရင်းများနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာဆွေးနွေး

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၉ – ၂၀၂၀ခု၊ ဘဏ္ဍာ ရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ပထမ ခြောက်လပတ် အခွန်ရငွေစာရင်းများနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၇/၂၀၂၀)တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက နိုင်ငံ၏အခွန်အကောက်ရငွေနှင့် ငွေစာရင်း ခေါင်းစဉ်တွင် လစ်ဟာနေသည့် ရငွေများ၊ ခေတ်ကာလနှင့် မညီသည့် နှုန်းထား များကို ပြန်လည်စိစစ်ပြီး ဥပဒေနှင့်အညီ ပြင်ဆင်ဆောင်ရွက်ရန် လိုအပ် ပါကြောင်း၊ အခွန်အကောက်များရှာဖွေပေးသည့် ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်တို့မှ ကောက်ခံရရှိမှုကို နယ်ပယ်ချဲ့ထွင် ဆောင်ရွက်နိုင်ရေး၊ မူဝါဒလုပ်ငန်းစဉ် ပြောင်းလဲဆောင်ရွက်နိုင်ရေးနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လိုင်စင်နှင့် အခွန်ပေးဆောင်ရမှု လွယ်ကူအဆင်ပြေစေရေး စသည့်အခြေအနေ များကို ပြုပြင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက နိုင်ငံ၏ အခွန်အကောက်ရငွေ သည် သိသိသာသာ တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေး သည်။

ယင်းကိစ္စတို့နှင့် စပ်လျဉ်း၍ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသန့်ဇင်၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ထွန်း၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးနှင့် တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူး ဒေါ်အေးအေးမာတို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (အဆင့် – ၃) အကောင်အထည်ဖော်ဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၁၅ ဘီလီယံ ချေးငွေရယူရေး နှင့် စပ်လျဉ်း၍ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယ ဗိုလ်မှူးကြီးညဏ်ရွှေ၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်မင်းဦးတို့က ဆွေးနွေး ကြသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာ ရေးနှစ် အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်အစီရင်ခံစာ (၁၀/ ၂၀၂၀) တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးကြသည်။

ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း က ချေးငွေများကို ချေးယူသည့်နေရာတွင် တိုင်းပြည်အတွက် အမှန်တကယ်အကျိုးရှိရန်နှင့် တိုင်းပြည်စီးပွားဖွံ့ဖြိုး တိုးတက်ရန် မဖြစ်မနေချေးယူရမည့် ကိစ္စရပ်များတွင်သာ ချေးယူသင့်ပါ ကြောင်း၊ ချေးငွေများကို သုံးစွဲသည့်နေရာတွင်လည်း အကျိုးရှိထိရောက်စွာဖြင့် အချိန်မီသုံးစွဲပြီး အလေအလွင့်မရှိစေရန်အတွက် တိုင်းပြည်မျက်နှာ၊ ပြည်သူ့ မျက်နှာကြည့်ပြီး သုံးစွဲသင့်ပါကြောင်း၊ ချေးငွေများကို မူလလျာထားသတ်မှတ် ထားသည့် စီမံကိန်းကာလအတွင်း ပြီးစီးအောင် အကောင်အထည်ဖော် မဆောင်ရွက်နိုင်ပါက ရသင့်ရထိုက်သည့် အကျိုးအမြတ် အပြည့်အဝ မရရှိနိုင် ပါကြောင်း၊ ချေးငွေများကို အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရန်အတွက် ပြည်သူ့ ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ထောက်ခံပါကြောင်း ဆွေးနွေး သည်။

*စာမျက်နှာ ၈ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့အား Virtual Meeting ဖြင့် လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၉



**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌ Mr. Alexander C. Feldman နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ Virtual Meeting ဖြင့် လက်ခံတွေ့ဆုံ ဆွေးနွေးသည်။** (ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသည့် အမေရိကန်ကုမ္ပဏီများအား ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ မူဝါဒများ၊ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအား နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ Digitalization နှင့် စပ်လျဉ်း၍ Mobile Payment System အား တွင်ကျယ်စွာဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ COVID-19 Economic Relief Plan (CERP) အကောင်အထည်ဖော်ရာတွင် အမေရိကန်ကုမ္ပဏီများက ပူးပေါင်းပါဝင်ဆောင်ရွက်လိုပါက ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း ပြောကြားသည်။

အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ အား ကောင်းစွာထိန်းချုပ်ဆောင်ရွက်နိုင်သည့် အခြေအနေအတွက် ဂုဏ်ယူပါကြောင်း၊ အမေရိကန်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် ဆက်လက်ရင်းနှီးမြှုပ်နှံသွားရန် အထူးစိတ်ဝင်စားလျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်း၍ SME လုပ်ငန်းများဖွံ့ဖြိုးမှုများ၊ Mobile Payment System ဖွံ့ဖြိုးမှုများ၊ Tax System နှင့် Financial Inclusion Roadmap တိုးတက်မှုတို့ကို သိရှိလိုပါကြောင်း ဆွေးနွေးမေးမြန်းသည်။

မေးမြန်းဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ National Payment System ဆိုင်ရာ ကိစ္စရပ်များ၊ Domestic Payment System ဖွံ့ဖြိုးလာရေးအတွက် ရင်းနှီးမြှုပ်နှံလိုသည့်ကိစ္စရပ်များ၊ Mobile Payment System ဖွံ့ဖြိုးမှုနှင့် စပ်လျဉ်း၍ ဒေသအချို့တွင် Pilot Project များအား စတင်ဆောင်ရွက်လျက်ရှိပြီး၊ SMEs များ Digitalization Transaction တွင် ပါဝင်ဆောင်ရွက်လာနိုင်စေရေးအတွက် နည်းပညာများ ပံ့ပိုးကူညီပေးခြင်း၊ သင်တန်းများပေးခြင်း စသည်တို့ကို ဆောင်ရွက်နေသည့် အခြေအနေများ၊ Tax System အား နိုင်ငံတကာအခွန်စနစ်များနှင့်အညီ ပြုပြင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ Financial Inclusion Roadmap နှင့် စပ်လျဉ်း၍ ဝင်ငွေနည်းပြည်သူများသို့ ဝန်ဆောင်မှုပေးခြင်း၊ SMEs များနှင့် လုပ်ငန်းပမာဏကြီးမားသော လယ်သမားများသို့ ငွေကြေးဝန်ဆောင်မှုပေးခြင်းကိစ္စရပ်များတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်လာနိုင်ရေးအတွက် ငွေကြေးဆိုင်ရာ အသိပညာပေးခြင်းနှင့် အကာအကွယ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အာမခံလုပ်ငန်းနှင့် စပ်လျဉ်း၍ Insurance Business Law အား အပြီးသတ်ရေးဆွဲ၍ လွှတ်တော်သို့ တင်ပြဆောင်ရွက်သွားမည့် အခြေအနေများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာ ဌာနအကြီးအကဲများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာ မင်းရဲပိုင်ဟိန်း၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဘက်မှ Chevron, Chubb, Coca-Cola, Visa အပါအဝင် အမေရိကန်ထိပ်တန်းကုမ္ပဏီ ၁၀ ခုတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာ-ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာ-ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conference စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)



အစည်းအဝေးကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Video Clip ဖြင့် အမှာစကားပြောကြားသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည်လည်း အဆိုပါ အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားရာတွင် ဂျပန်နိုင်ငံ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်စွာ ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ထိုသို့ ဖန်တီးပေးနိုင်ခြင်းသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၏ အဓိကအချက်တစ်ခု ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

COVID-19 အလွန် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းသစ်များ ပိုမိုဖော်ဆောင်နိုင်ရေး အတွက် ကျင်းပသော မြန်မာ - ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်၌ နိုင်ငံတော် အစိုးရအနေဖြင့် အခြေခံအဆောက်အဦ စီမံကိန်းသစ်နှစ်ခု အကောင်အထည်ဖော်နိုင်ရေး ထည့်သွင်းဆွေးနွေးခဲ့ပြီး အဆိုပါဖိုရမ်သို့ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းသစ်များအား သိရှိနိုင်ရန်အတွက် ဂျပန်စီးပွားရေးလုပ်ငန်းရှင် ပေါင်း ၁၀၀၀ ကျော် တက်ရောက်သည်။

ဂျပန်နိုင်ငံ ပြည်ပကုန်သွယ်ရေးအဖွဲ့ဥက္ကဋ္ဌ Mr. Sasaki Nobuhiko က မြန်မာနိုင်ငံသည် ပိုမိုဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှု နေရာတစ်ခု ဖြစ်ကြောင်း၊ ဂျပန်ကုမ္ပဏီများအနေဖြင့်လည်း မြန်မာနိုင်ငံကို ရင်းနှီးမြှုပ်နှံနိုင်မည့် နေရာသစ်တစ်ခုအဖြစ် ခံစားမိကြပါကြောင်းနှင့် ယနေ့ဖိုရမ်သည် လာမည့်နှစ်များ၌ မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံမှ နောက်ထပ်ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama ကလည်း COVID-19 ပြန့်ပွားမှုကာကွယ်တားဆီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြသည့် မြန်မာအစိုးရနှင့် ပြည်သူများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ဂျပန်နိုင်ငံအနေဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် အစိုးရ၏ နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှုများတွင် အပြည့်အဝ ဆက်လက် ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဂျပန်နိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Nakano Hiromasa ကလည်း မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ ပထဝီနိုင်ငံရေးဆိုင်ရာ အရေးပါမှုအပေါ် အသိအမှတ်ပြုကြောင်းနှင့် မြန်မာနိုင်ငံသည် စက်မှုလုပ်ငန်းများအတွက် အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှု တည်ရှိရာ နေရာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ၏ အကြီးမားဆုံး ကော်ပိုရေးရှင်းများဖြစ်သော ဆူမီတိုမို၊ မစ်ဆူဘီရှီ၊ မာရူဘီနီနှင့် ကာဗာကီတို့၏ ကိုယ်စားလှယ်များက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု အတွေ့အကြုံများနှင့် ပတ်သက်၍ မြန်မာအစိုးရ အဆင့်မြင့်အရာရှိများနှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများနှင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး သီလဝါရှိ One-Stop-shop ရင်းနှီးမြှုပ်နှံမှု ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ အပြုသဘောဆောင်သည့် အတွေ့အကြုံများကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေကို ရှင်းလင်းပြောကြားခဲ့ပြီး ရန်ကုန်အနောက်ပိုင်း စက်မှုဇုန်တည်ဆောက်ရေး စီမံကိန်းသစ်နှင့် မွန်ပြည်နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်သစ်တို့နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ရှိကြောင်း ထည့်သွင်း ပြောကြားသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးက အထူးစီးပွားရေးဇုန်အသစ်သည် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ချိတ်ဆက်နိုင်မည်ဖြစ်ပြီး မဟာမဲခေါင်ဒေသခွဲ၏ အရှေ့-အနောက် စင်္ကြံတို့သို့ ချိတ်ဆက်ပေးနိုင်မည် ဖြစ်ကြောင်း၊ အဆိုပါ အထူးစီးပွားရေးဇုန်သည် အခြားရှိနှင့်ပြီးသော အထူးစီးပွားရေးဇုန်များထက် ပိုမိုကြီးမားပြီး ချိတ်ဆက်မှု ပိုရှိမည်ဖြစ်ကြောင်း၊ ရန်ကုန်အနောက်ပိုင်း စက်မှုဇုန်တည်ဆောက်ရေး စီမံကိန်းကဲ့သို့ပင် ဤအထူးစီးပွားရေးဇုန်သစ်သည် ကမ္ဘာ့အဆင့်မီ ပွင့်လင်းမြင်သာမှုရှိသည့်အပြင် နိုင်ငံတကာနှင့်လည်း ယှဉ်ပြိုင်လာနိုင်မည် ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြောကြားရာတွင် ရန်ကုန်အနောက်ပိုင်း စက်မှုဇုန်တည်ဆောက်ရေးအတွက် ရင်းနှီးတည်ဆောက်မည့်ကုမ္ပဏီ ရွေးချယ်ရန် နိုင်ငံတကာအကြံပေးအဖွဲ့ကို ရွေးချယ်လျက်ရှိကြောင်း၊ ယင်းနိုင်ငံတကာ အကြံပေးအဖွဲ့နှင့် ပေါင်းစပ်၍ ပွင့်လင်းမြင်သာသည့် စွစ်ယှဉ်ပြိုင်မှု တင်ဒါစနစ်ဖြင့် ရင်းနှီးတည်ဆောက်သူအား ရွေးချယ်သွားမည်ဖြစ်ကြောင်း ရှင်းပြသည်။ ထို့အပြင် အထူးစီးပွားရေးဇုန်အသစ်၏ နေရာရွေးချယ်ရေးနှင့် ပတ်သက်၍ ဒေသတွင်း နိုင်ငံများအကြား ဆက်သွယ်ထားသည့် စီးပွားရေးစင်္ကြံနှင့် အလွယ်တကူ ချိတ်ဆက်နိုင်သည့် နေရာဖြစ်ခြင်း၊ ရေနက်ဆိပ်ကမ်းတစ်ခု တည်ဆောက်နိုင်မည့်နေရာဖြစ်ခြင်း၊ ပြည်တွင်း သယ်ယူပို့ဆောင်ရေး ကွန်ရက်မှတစ်ဆင့် သီလဝါအထူးစီးပွားရေးဇုန်နှင့် အလွယ်တကူ ချိတ်ဆက်နိုင်မည့် နေရာဖြစ်ခြင်း စသည့်အချက်များနှင့် ပြည့်စုံသည့်နေရာတွင် ယင်းအထူးစီးပွားရေးဇုန်အသစ်ကို တည်ဆောက်ရန် လျာထားကြောင်း၊ ယင်းမဟာဗျူဟာမြောက်နေရာကို ရွေးချယ်ရန်အတွက် နိုင်ငံတကာအကြံပေးအဖွဲ့ဖြင့် ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှုများနှင့် Master Plan ကိုရေးဆွဲကာ ရင်းနှီးတည်ဆောက်သူကို ပွင့်လင်းမြင်သာစွာ ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ယင်းအထူးစီးပွားရေးဇုန်အသစ်နှင့် သီလဝါ အထူးစီးပွားရေးဇုန်တို့ ချိတ်ဆက်၍ အထူးစီးပွားရေးဇုန်တစ်ခုတည်းအသွင်ဖြင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

မြန်မာ-ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်သည် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းသစ်များ မြှင့်တင်ရန်၊ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် ပြုပြင်ပြောင်းလဲမှုများနှင့် စပ်လျဉ်း၍ နောက်ဆုံးသတင်းများကို တင်ပြရန်၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှု ပိုမိုခိုင်မာစေရန်နှင့် COVID-19 ကာလ အလွန်တွင် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် လူအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများကို ပိုမိုခိုင်မာလာစေရန် ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး အေးလွင်က ၂၀၁၆ - ၂၀၁၇ နောက်ပိုင်းချေးယူခဲ့သော ငွေများတွင် ချေးငွေ ၉ ဒသမ ၇၁ ရာခိုင်နှုန်းသာ ထုတ်ယူသုံးစွဲထားကြောင်း စိစစ်တွေ့ရှိရသည့်အတွက် စီမံကိန်းကာလအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် ဝန်ကြီးဌာနများအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အားနည်းသည်ဟု သုံးသပ်ရပါကြောင်း၊ ချေးငွေများအနေဖြင့် ထုတ်ယူသုံးစွဲခြင်းမပြုသော်လည်း ပေးဆပ်ရန် စေ့ရောက်ချိန်တွင် သတ်မှတ်ချက်အတိုင်း အတိုးနှင့်အရင်းများကို ပေးဆပ်ရမည်ဖြစ်ပြီး ပေးဆပ်နိုင်မှုမရှိခဲ့ပါက နောက်ကျကြေး များစွာပေးဆပ်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် ချေးငွေများကို သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် ထုတ်ယူသုံးစွဲသင့်သည်ကို အကြံပြုတင်ပြလိုပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စတို့နှင့် စပ်လျဉ်း၍ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင်၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တိုးလွင်၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ဇော်လွင်နှင့် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမနေ့ကို ဩဂုတ် ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# ဖွဲ့စည်းမှုအသစ်ဖြင့် ပေါ်ပေါက်လာမည့် ဘားကောင်စီ

သန့်ဇင်(ပြည်ထောင်စုရှေ့နေချုပ်ရုံး)

တရားစီရင်ရေးနယ်ပယ်၊ ရှေ့နေရှေ့ရပ်နယ်ပယ်မှာ ဘားကောင်စီဆိုတဲ့ အခေါ်အဝေါ်နဲ့ ရင်းနှီးနေတဲ့ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲကို ဩဂုတ်လ ၂ ရက်နေ့မှာ ကျင်းပမှာဖြစ်ပါတယ်။ အဲဒီ ရွေးကောက်ပွဲမှာ နိုင်ငံတစ်ဝန်းလုံးမှာရှိကြတဲ့ တရားလွှတ်တော်ရှေ့နေများက ပါဝင်ဆန္ဒမဲပေးကြမှာဖြစ်ပြီး သတ်မှတ်အရည်အချင်းများနဲ့ ကိုက်ညီတဲ့ ကောင်စီဝင်လောင်းအဖြစ် ရွေးကောက်တင်မြှောက်ခံလိုတဲ့ တရားလွှတ်တော် ရှေ့နေများကလည်း တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ကောင်စီဝင်လောင်းများအဖြစ် ယှဉ်ပြိုင်အရွေးခံကြမှာ ဖြစ်ပါတယ်။

ယခုလို တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲ ကျင်းပခြင်းဟာ ကာလအတန်ကြာ ပျောက်ဆုံးနေခဲ့တဲ့ မိမိတို့အဖွဲ့အစည်းမှာ မိမိတို့ကိုယ်တိုင် ရွေးကောက်တင်မြှောက်သူတွေပါဝင်ခွင့်ရှိတဲ့ အခြေအနေတစ်ရပ်ကို ပြန်လည်ဖော်ဆောင်ခွင့်ရခြင်းဖြစ်ပါတယ်။

**တရားလွှတ်တော်ရှေ့နေများကောင်စီ ဥပဒေနောက်ခံသမိုင်း**

တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ၁၉၂၆ ခုနှစ်၊ အိန္ဒိယ အက်ဥပဒေအမှတ် ၃၈ နဲ့ ပြဋ္ဌာန်းခဲ့ပြီး ၁၉၂၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှာ စတင်အာဏာတည်ခဲ့ပါတယ်။ မူလပြဋ္ဌာန်းစဉ်က အင်္ဂလိပ်ဘာသာ The Bar Council Act အမည်နဲ့ ပြဋ္ဌာန်းခဲ့တာကြောင့် တရားလွှတ်တော်ရှေ့နေများ ကောင်စီ အက်ဥပဒေဆိုတဲ့ အမည်ထက် ဘားကောင်စီအက်ဥပဒေဆိုတဲ့ အမည်ကို ပိုမိုလူသိများပါတယ်။ ဒါကြောင့်လည်း ယင်းအက်ဥပဒေအရ ဖွဲ့စည်းတဲ့ ကောင်စီကိုလည်း ဘားကောင်စီလို့ ခေါ်ဝေါ်ကြခြင်းဖြစ်ပါတယ်။

မူလဘားကောင်စီအက်ဥပဒေပုဒ်မ ၄ အရ ဘားကောင်စီကို အဖွဲ့ဝင် ၁၅ ဦးနဲ့ ဖွဲ့စည်းပါတယ်။ ရှေ့နေချုပ်တစ်ဦး၊ တရားရုံးချုပ်က အမည်စာရင်း တင်သွင်းတဲ့ တရားလွှတ်တော်ချုပ်တရားသူကြီး ၂ ဦးထက်မပိုတဲ့ ပုဂ္ဂိုလ် ၄ ဦး၊ တရားရုံးချုပ်ရှေ့နေများက ယင်းတို့ထဲမှ ရွေးချယ်ပေးသူ ၁၀ ဦးတို့ ဖြစ်ပါတယ်။ ဒါကြောင့် ဘားကောင်စီမှာ တရားရုံးချုပ်ရှေ့နေများက ရွေးကောက်တင်မြှောက်တဲ့ ကိုယ်စားလှယ် ၁၀ ဦး ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိခဲ့ပါတယ်။

အဲဒီနောက် ၁၉၈၉ ခုနှစ်မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၊ ဥပဒေအမှတ် ၂၂/၈၉ နဲ့ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေပြဋ္ဌာန်းပြီး ပြင်ဆင်ရာမှာ တရားလွှတ်တော် ရှေ့နေများကောင်စီဖွဲ့စည်းတဲ့ ပုဒ်မ ၄ ကိုလည်း ပြင်ဆင်ခဲ့ပါတယ်။ အဲဒီလို ပြင်ဆင်ရာမှာ ရှေ့နေချုပ်က ဥက္ကဋ္ဌ၊ ဒုတိယရှေ့နေချုပ်က ဒုတိယဥက္ကဋ္ဌ၊ တရားသူကြီးချုပ်က အမည်စာရင်းတင်သွင်းတဲ့ တရားရုံးချုပ်တရားသူကြီး တစ်ဦး၊ တရားလွှတ်တော်ရှေ့နေ ၆ ဦးနဲ့ တရားရုံးချုပ်မှ ညွှန်ကြားရေးမှူး ချုပ်က အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် စုစုပေါင်း ၁၁ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ အဲဒါကြောင့် တရားလွှတ်တော်ရှေ့နေများကောင်စီမှာ တရားရုံးချုပ်ရှေ့နေ ၆ ဦး ပါဝင်ပါတယ်။ တရားသူကြီးချုပ်က ရွေးချယ်တာဝန်ပေးတဲ့ တရားလွှတ်တော် ရှေ့နေများဖြစ်ပါတယ်။

တရားလွှတ်တော်ရှေ့နေများကောင်စီကို အထက်ပါဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၁၀-၆-၂၀၁၉ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁ နဲ့ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေနဲ့ တရားလွှတ်တော်ရှေ့နေ များကောင်စီဖွဲ့စည်းပုံကို ပြင်ဆင်ခဲ့ပါတယ်။ တရားလွှတ်တော်ရှေ့နေများ ကောင်စီကို ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌ၊ တရားလွှတ်တော်ရှေ့နေများ က သတ်မှတ်ချက်နဲ့အညီ ရွေးကောက်တင်မြှောက်တဲ့ တရားလွှတ်တော် ရှေ့နေလုပ်သက် အနည်းဆုံး ၁၅ နှစ်ရှိတဲ့ တရားလွှတ်တော်ရှေ့နေ ၁၁ ဦး၊ ယင်း ၁၁ ဦးထဲမှ တစ်ဦးက ဒုတိယဥက္ကဋ္ဌနဲ့ တစ်ဦးက အတွင်းရေးမှူး၊ ကျန်တဲ့တရားလွှတ်တော်ရှေ့နေ ၉ ဦးက အဖွဲ့ဝင်၊ ပြည်ထောင်စုတရားသူကြီး ချုပ်က အမည်စာရင်းတင်သွင်းတဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ၂ ဦးက အဖွဲ့ဝင်၊ ဒုတိယရှေ့နေချုပ်က အဖွဲ့ဝင်အဖြစ် ပါဝင်လျက် စုစုပေါင်း ၁၅ ဦးနဲ့ ဖွဲ့စည်းရမှာဖြစ်ပါတယ်။ ယခုပြင်ဆင်ဖွဲ့စည်းမယ့် တရားလွှတ်တော်ရှေ့နေများကောင်စီမှာ တရားလွှတ်တော်ရှေ့နေ ၁၁ ဦး ပါဝင်မှာဖြစ်ပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားလွှတ်တော်ရှေ့နေများ ကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို ၃-၉-၂၀၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ပြင်ဆင်သည့် နည်းဥပဒေကို ၆-၄-၂၀၂၀ ရက်နေ့ မှာ ထုတ်ပြန်ခဲ့ပါတယ်။

လက်ရှိတရားလွှတ်တော်ရှေ့နေများကောင်စီက တရားလွှတ်တော်ရှေ့နေ များကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၃၆ အရ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက် တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ၁၈-၅-၂၀၂၀ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲကျင်းပနိုင်ရေးကို ဆောင်ရွက်ကြမှာဖြစ်ပါတယ်။ လက်ရှိတရားလွှတ်တော် ရှေ့နေများကောင်စီ က ၂-၈-၂၀၂၀ ရက်နေ့မှာ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲ ကို ကျင်းပရန်ကြေညာပြီး ရွေးကောက်ပွဲဆိုင်ရာ ကိစ္စအဝဝကို ပြင်ဆင် ဆောင်ရွက်ခဲ့ပါတယ်။

တရားလွှတ်တော်ရှေ့နေများကောင်စီရွေးကောက်ပွဲမှာ ဆန္ဒမဲပေးမယ့် တရားလွှတ်တော်ရှေ့နေများနဲ့ ရွေးကောက်ခံမယ့် တရားလွှတ်တော်ရှေ့နေ များ လေ့လာဖတ်ရှုနိုင်ရန် “တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေ၊ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ” စာအုပ်ကို ၂၀၂၀ ပြည့်နှစ်၊ မေလ မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ထုတ်ဝေဖြန့်ချိခဲ့ပါတယ်။

**ဆန္ဒမဲပေးပိုင်ခွင့်ရှိသူနှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူ**

ဆန္ဒမဲပေးပိုင်ခွင့်ကို တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက် တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၂ (စ) မှာ “ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူဆိုသည်မှာ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေအရ တရားလွှတ်တော်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခွင့်ရှိပြီး ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူကိုဆိုသည်” ဟု ပြဋ္ဌာန်းထားပါတယ်။

အဲဒီနောက် တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက် တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၃ အရ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူကို သတ်မှတ်ရာမှာ “တရားလွှတ်တော်ရှေ့နေအဖြစ် အသိအမှတ်ပြု လက်မှတ် သို့မဟုတ် အသိအမှတ်ပြုကတ်ပြားတင်ပြနိုင်ပြီး တရားလွှတ်တော် ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခွင့်ရှိသူဖြစ်ရမည့်အပြင် အက်ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ (၁) အရ အမှုလိုက်ပါဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ထားခြင်းခံနေရဆဲ မဟုတ်သူ သို့မဟုတ် တရားလွှတ်တော်ရှေ့နေများစာရင်းမှ ပယ်ဖျက်ခံရခြင်း မဟုတ်သူ” ဟု ပြဋ္ဌာန်းထားပါတယ်။

> ❖ **အခုကျင်းပမယ့် ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးမည့်သူဟာ ကြိုတင်မဲပေးတဲ့စနစ် ကျင့်သုံးခွင့်မရှိဘဲ မဲရုံသို့ ကိုယ်တိုင်လာရောက် မဲပေးရမှာဖြစ်ပါတယ်။ ဆန္ဒမဲပေး နိုင်ရန် တရားလွှတ်တော်ရှေ့နေအဖြစ် အသိအမှတ်ပြုလက်မှတ် သို့မဟုတ် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာရမှာ ဖြစ်ပါတယ်။ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရန် ကြီးကြပ်ရေးအဖွဲ့က ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။**
>
> ❖ **တရားလွှတ်တော်ရှေ့နေများကောင်စီရဲ့ ရုံးလုပ်ငန်းများကို ပြည်ထောင်စုရှေ့နေချုပ် ရုံးက တာဝန်ယူဆောင်ရွက်ရတာကြောင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် စီမံခန့်ခွဲရေးကိစ္စရပ်များအပါအဝင် လုပ်ငန်းစဉ်အားလုံးကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။**

နည်းဥပဒေ ၂ (စ) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ ရော၊ လုပ်ထုံးလုပ်နည်း အပိုဒ် ၃ အရ သတ်မှတ်ချက်အရရော အဓိကအချက် မှာ တရားလွှတ်တော်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခွင့်ရှိပြီး အက်ဥပဒေ ပုဒ်မ ၁၀ (၁) အရ အရေးယူခံရဆဲမဟုတ်သူဟာ တရားလွှတ်တော်ရှေ့နေများ ကောင်စီ ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးခွင့်ရမှာဖြစ်တယ်။ ဆန္ဒမဲပေးလိုသူက ကြီးကြပ်ရေးအဖွဲ့ထံ လုပ်ထုံးလုပ်နည်းများပုံစံ(၁)နဲ့ လျှောက်ထားပြီး မဲစာရင်းပုံစံ (၃)နှင့် (၃-က) တို့မှာ မိမိအမည်ပါဝင်မှသာ ဆန္ဒမဲပေးခွင့် ရရှိမှာဖြစ်ပါတယ်။ အတည်ပြုစာရင်းအရ တရားလွှတ်တော်ရှေ့နေများ ကောင်စီရွေးကောက်ပွဲမှာ ဆန္ဒမဲပေးမယ့် တရားလွှတ်တော်ရှေ့နေစုစုပေါင်း ၄၃၈၇ ဦး ရှိမှာဖြစ်ပါတယ်။

အဲဒီအပြင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူရဲ့ အရည်အချင်းများကို နည်းဥပဒေ ၅ မှာ နည်းဥပဒေခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့နဲ့ ပြဋ္ဌာန်းထား ပါတယ်။ နည်းဥပဒေ ၅ ရဲ့ ပထမအချက်မှာ နိုင်ငံသားဖြစ်ရပါမယ်။ ဒုတိယ အချက်မှာ အက်ဥပဒေပုဒ်မ ၄ (င) အရ တရားလွှတ်တော်ရှေ့နေလုပ်သက် ၁၅ နှစ် ရှိသူဖြစ်ရပါမယ်။ တတိယအချက်ကတော့ အက်ဥပဒေပုဒ်မ ၁၀ (၁) အရ အမှုလိုက်ပါဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ထားခြင်းခံနေရဆဲ မဟုတ်သူ သို့မဟုတ် တရားလွှတ်တော်ရှေ့နေများစာရင်းမှ ပယ်ဖျက်ခံရခြင်း မဟုတ်သူ ဖြစ်ရပါမယ်။ စတုတ္ထအချက်ကတော့ အက်ဥပဒေပုဒ်မ ၁၀ (၁) အရ ပြင်းထန် စွာ သတိပေးခြင်းပြစ်ဒဏ်ကို ရွေးကောက်ပွဲကျင်းပမယ့် ရက်မတိုင်မီ တစ်နှစ် အတွင်း ချမှတ်ခံရခြင်းမဟုတ်သူ ဖြစ်ရပါမယ်။ ဒီအရည်အချင်းများနဲ့ ပြည့်စုံသူ ဟာ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲမှာ ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်ရှိမှာ ဖြစ်ပါတယ်။

အကြောင်းကြောင်းကြောင့် တရားလွှတ်တော်ရှေ့နေအဖြစ် ရပ်ဆိုင်း ခြင်း၊ ပယ်ဖျက်ခြင်းခံရသူများရှိသော်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၏ ပြန်လည်သုံးသပ်အတည်ပြုချက်နဲ့ တရားလွှတ်တော်ရှေ့နေအဖြစ် ပြန်လည်လိုက်ပါ ဆောင်ရွက်ခွင့်ရသူများလည်း ရှိပါတယ်။ ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်နှင့်စပ်လျဉ်းပြီး ပြဋ္ဌာန်းချက်မှာ လုပ်သက် “၁၅ နှစ်” ဟု ဖော်ပြထားသဖြင့် တရားလွှတ်တော်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခွင့် ရှိတဲ့ကာလ ၁၅ နှစ်ပြည့်ရင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိပါတယ်။

တရားလွှတ်တော်ရှေ့နေများကောင်စီရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင် ကြမယ့် ကောင်စီဝင်လောင်း စုစုပေါင်း ၁၁၀ ရှိပြီး အဲဒီ ကောင်စီဝင်လောင်း များရဲ့ အမည်စာရင်းကိုလည်း ၁၇-၇-၂၀၂၀ ရက်နေ့မှာ ထုတ်ဝေတဲ့ နေ့စဉ်ထုတ် ကြေးမုံနဲ့ မြန်မာ့အလင်းသတင်းစာတွေမှာ ကြေညာထားပြီး ဖြစ်ပါတယ်။

**မဲဆန္ဒနယ်သတ်မှတ်ခြင်းနှင့် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

တရားလွှတ်တော်ရှေ့နေများကောင်စီက တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုမှာ မဲဆန္ဒနယ် ၃၅ ခု သတ်မှတ်ပြီး ရွေးကောက်ပွဲကျင်းပမှာ ဖြစ်ပါတယ်။ ယင်းမဲဆန္ဒနယ်များကတော့ ကချင်ပြည်နယ်မှာ မြစ်ကြီးနားခရိုင်၊ ပူတာအို ခရိုင်၊ မိုးညှင်းခရိုင်နဲ့ ဗန်းမော်ခရိုင် မဲဆန္ဒနယ်၊ ကယားပြည်နယ်မှာ လွိုင်ကော်ခရိုင် မဲဆန္ဒနယ်၊ ကရင်ပြည်နယ်မှာ ဘားအံခရိုင်မဲဆန္ဒနယ်၊ ချင်း ပြည်နယ်မှာ ဟားခါးခရိုင်နဲ့ မင်းတပ်ခရိုင် မဲဆန္ဒနယ်၊ စစ်ကိုင်းတိုင်းဒေသ ကြီးမှာ မုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ ကသာခရိုင်နဲ့ ကလေးခရိုင် မဲဆန္ဒနယ်၊ တနင်္သာရီတိုင်းဒေသကြီးမှာ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နဲ့ ကော့သောင်းခရိုင် မဲဆန္ဒနယ်၊ ပဲခူးတိုင်းဒေသကြီးမှာ ပဲခူးခရိုင်နဲ့ ပြည်ခရိုင် မဲဆန္ဒနယ်၊ မကွေး တိုင်းဒေသကြီးမှာ မကွေးခရိုင်နဲ့ ပခုက္ကူခရိုင်မဲဆန္ဒနယ်၊ မန္တလေးတိုင်း ဒေသကြီးမှာ မန္တလေးခရိုင်နဲ့ မိတ္ထီလာခရိုင် မဲဆန္ဒနယ်၊ မွန်ပြည်နယ်မှာ မော်လမြိုင်ခရိုင်နဲ့ သထုံခရိုင်မဲဆန္ဒနယ်၊ ရခိုင်ပြည်နယ်မှာ စစ်တွေခရိုင်နဲ့ ကျောက်ဖြူခရိုင် မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီးမှာ အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်နဲ့ မြောက်ပိုင်းခရိုင် မဲဆန္ဒနယ်၊ ရှမ်း ပြည်နယ်မှာ တောင်ကြီးခရိုင်၊ ကျိုင်းတုံခရိုင်နဲ့ လားရှိုးခရိုင် မဲဆန္ဒနယ်၊ ဧရာဝတီတိုင်းဒေသကြီးမှာ ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်နဲ့ ဖျာပုံခရိုင် မဲဆန္ဒနယ်များ ဖြစ်ပါတယ်။ နေပြည်တော်အတွက် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် မဲဆန္ဒနယ်မှ မဲရုံခွဲတစ်ခုကို ဒက္ခိဏခရိုင်ဥပဒေရုံးမှာ ဖွင့်လှစ် ပေးမှာ ဖြစ်ပါတယ်။

သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ခရိုင်ဥပဒေအရာရှိ ခေါင်းဆောင်သော ကြီးကြပ်ရေးအဖွဲ့များကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဖြစ်တာကြောင့် ကြီးကြပ်ရေးအဖွဲ့များက မိမိတို့ရဲ့ရုံးခန်းကို သက်ဆိုင်ရာ ခရိုင်ဥပဒေရုံးတွေမှာ ဖွင့်လှစ်ပြီး လုပ်ငန်းတာဝန်များကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**ဆန္ဒမဲပေးခြင်း**

အခုကျင်းပမယ့်ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးမည့်သူဟာ ကြိုတင်မဲပေးတဲ့ စနစ် ကျင့်သုံးခွင့်မရှိဘဲ မဲရုံသို့ ကိုယ်တိုင်လာရောက် မဲပေးရမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးနိုင်ရန် တရားလွှတ်တော်ရှေ့နေအဖြစ် အသိအမှတ်ပြုလက်မှတ် သို့မဟုတ် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာရမှာ ဖြစ်ပါတယ်။ လျှို့ဝှက် ဆန္ဒမဲပေးနိုင်ရန် ကြီးကြပ်ရေးအဖွဲ့က ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

ဆန္ဒမဲလက်မှတ်ကတော့ နည်းဥပဒေ ၁၁ အရ ရွေးကောက်တင်မြှောက် ခံမယ့် ကောင်စီဝင်လောင်းအားလုံးရဲ့ အမည်များကို ဖော်ပြထားပြီး အတွင်း ရေးမှူးက လက်မှတ်ရေးထိုးထားပါတယ်။ ရွေးကောက်တင်မြှောက်ခံမည့် ကောင်စီဝင်လောင်း ၁၁၀ ရှိတာကြောင့် ဆန္ဒမဲလက်မှတ်ကို Legal Paper စာရွက်မှာ ရိုက်နှိပ်ထားပြီး စာမျက်နှာနှစ်ဖက်လုံးမှာ ကောင်စီဝင်လောင်း များရဲ့အမည်၊ တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပါ အမှတ်စဉ် နဲ့ ဆန္ဒပြုရမည့် ကွက်လပ် (          ) တို့ ပါရှိမှာဖြစ်ပါတယ်။ အကယ်၍ ရွေးကောက်ခံမယ့် တရားလွှတ်တော်ရှေ့နေ အမည်တူပါရှိပါက ၎င်းတို့ ပုံစံ ၄ လျှောက်ထားရာမှာ ဖော်ပြပါရှိတဲ့ နေရပ်လိပ်စာပါ မြို့အမည်ကို ဖော်ပြ ထားပါတယ်။ အဲဒီအပြင် မဲဆန္ဒနယ်တစ်ခုထဲမှာပဲ အမည်တူများရှိနေရင် သင့်တဲ့နည်းနဲ့ ကွဲပြားအောင် ဖော်ပြထားပါတယ်။

*စာမျက်နှာ ၁၂ သို့*

# ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး စစ်ကိုင်းမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများကို အားပေးထောက်ပံ့ခြင်းများ ဆောင်ရွက်

**စစ်ကိုင်း ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းဒေသများရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့် အိမ်ထောင်စု ၁၄၅၁ စု၊ လူဦးရေ ၆၅၁၆ ဦးတို့အား ဘေးလွတ်ရာ ယာယီခိုလှုံရာစခန်းများသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားခြင်း၊ စားနပ်ရိက္ခာများ၊ ဆန်ရိက္ခာဖိုးငွေများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်းတို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက သွားရောက်ဆောင်ရွက်ပေးသည်။




### ကူညီပံ့ပိုးမှုပေးမည်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်းနှင့် ဝေဠုဝန်ငါးထပ်ကြီး မြတ်စွာဘုရားတန်ဆောင်းတို့သို့ သွားရောက်ပြီး အေးမြဝတီရပ်ကွက်၊ ထားဝယ်ဈေးရပ်ကွက်နှင့် တဲကြီးကျေးရွာအုပ်စုတို့မှ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မြစ်ရေမြင့်တက်၍ ဘေးဒုက္ခကြုံတွေ့ရခြင်းသည် အခိုက်အတန့်ဖြစ်သော်လည်း ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် ဘေးဒဏ်ခံစားရသောပြည်သူများ၏ စားဝတ်နေရေး အခက်အခဲကို ပြေလည်စေရန် အစိုးရဝန်ကြီးဌာန တာဝန်ရှိသူများအနေဖြင့် လာရောက်၍ စားနပ်ရိက္ခာ၊ ဆန်ရိက္ခာဖိုးငွေနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပါးစပ်နှာခေါင်းစည်းနှင့် လက်ဆေးဆပ်ပြာများကို ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်စေရေးကိုလည်း အထူးဂရုပြုရန်လိုကြောင်း၊ လက်ကို မကြာခဏဆေးကြောရန်လိုကြောင်း၊ လက်ဆေးခြင်းဖြင့် တခြား ကူးစက်ရောဂါများကိုပါ ကာကွယ်နိုင်ပါကြောင်းနှင့် လိုအပ်သော ကူညီပံ့ပိုးမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အေးမြဝတီရပ်ကွက်၊ ထားဝယ်ဈေးရပ်ကွက်နှင့် တဲကြီးကျေးရွာအုပ်စုတို့မှ လူဦးရေ ၃၁၄၉ ဦးအတွက် ဆန်ရိက္ခာဖိုး စုစုပေါင်းထောက်ပံ့ငွေ ကျပ် ၆၆၁၂၉၀၀၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ပါးစပ်နှာခေါင်းစည်းများ၊ လက်ဆေးဆပ်ပြာများကို ဘေးသင့်ပြည်သူများထံ ပေးအပ်ထောက်ပံ့ပေးသည်။ (ဓာတ်ပုံ)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ကူညီမှုများကို အလျင်အမြန် ဆောင်ရွက်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် အနိမ့်ပိုင်းရှိ ရေဘေးသင့်အိမ်ထောင်စု ၁၄၅၁ စု၊ လူဦးရေ ၆၅၁၆ ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၁၃၆၈၃၆၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၁၄၅၁၀၊ လက်ဆေးဆပ်ပြာတောင့် ၁၄၅၁ တောင့်နှင့် ပါးစပ်နှာခေါင်းစည်း ၆၅၁၆ ခုတို့ကို ထောက်ပံ့ပေးသည်။

### ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့

အလားတူ မြစ်ရေမြင့်တက်မှုများကြောင့် ရေဘေးဒဏ်ခံစားကြရသည့် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်ရှိ ရပ်ကွက်/ကျေးရွာ ငါးရွာမှ အိမ်ထောင်စု ၉၁ စု၊ လူဦးရေ ၃၆၄ ဦး၊ ပန်းတောင်းမြို့နယ် ကျေးရွာတစ်ရွာမှ အိမ်ထောင်စု လေးစု လူဦးရေ ၁၇ ဦး၊ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ စဉ့်ကူးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် မြင်းခြံမြို့နယ်တို့ရှိ ရပ်ကွက်၊ ကျေးရွာ ၂၆ ရွာတို့မှ အိမ်ထောင်စု ၇၃၈ စု၊ လူဦးရေ ၂၉၉၇ ဦး၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်နှင့် မကွေးမြို့နယ်တို့ရှိ ရပ်ကွက်၊ ကျေးရွာ နှစ်ရွာမှ အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၁၃၇ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေများ၊ ပါးစပ် နှာခေါင်းစည်းများနှင့် လက်ဆေးဆပ်ပြာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအတွက် ယာယီ ရေဘေးရှောင်နေရာများသို့ သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရနှင့် NCA-S EAO ကိုယ်စားလှယ်များ၏ ဆဋ္ဌမအကြိမ် အလုပ်အဖွဲ့ အစည်းအဝေး ဆက်လက်ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၉**

အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (NCA-S EAO) ကိုယ်စားလှယ်များ၏ ဆဋ္ဌမအကြိမ် အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) ၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

ယနေ့အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေး ကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(အငြိမ်းစား)၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပြုံးချို (ခ) ဦးငွေဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး NCA-S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည် ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် စဝ်စိုင်းငင်း၊ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း၊ ညှိနှိုင်းရေး အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှငွေး၊ စောမြရာဇာလင်း၊ ဒေါက်တာ လျန်မှုန်းဆာခေါင်း၊ ဆလိုင်းထလာဟေး၊ စောစိန်ဝင်း၊ ပဒိုစောတာဒိုမူး၊ ပဒိုစောအယ်ကလူစေး၊ ကြာဆော်လမွန်၊ နိုင်အောင်မငေး၊ ဒေါက်တာစိုင်းဦးနှင့် ခွန်မြင့်ထွန်းတို့ တက်ရောက်ကြသည်။

### အစည်းအဝေးများ ကျင်းပရေး ဆွေးနွေး

အစည်းအဝေး၌ ဇူလိုင် ၂၇ ရက်တွင် ဆွေးနွေးခဲ့ကြသည့် (၈) ကြိမ်မြောက် JICM အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးအတွက် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက်ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ၊ အခြေခံမူသဘောတူညီချက်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးဆိုင်ရာ အခင်းအကျင်း၊ ညီလာခံမတိုင်မီ ဆက်စပ်အစည်းအဝေးများ ကျင်းပရေးအတွက် ပြင်ဆင်မှုနှင့် ရှေ့လာမည့် ညှိနှိုင်းအစည်းအဝေး ရလဒ်များကို UPDJC နိုင်ငံရေးပါတီအစုအဖွဲ့မှ ကိုယ်စားလှယ်များအား ထပ်မံ ရှင်းလင်းတင်ပြရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

NCA-S EAO ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် စဝ်စိုင်းငင်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် "ပြီးခဲ့တဲ့ မိမိတို့ နှစ်ဖက်ညှိနှိုင်းအစည်းအဝေးမှာ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း-၃ ရဲ့ အကြောင်းအရာတွေထဲက သဘောမတူသေးတဲ့ အချက်တွေကို ဒီအစည်းအဝေးမှာ ဆွေးနွေးညှိနှိုင်းခဲ့တယ်။ အဓိက အရေးပါတဲ့ သဘောတူညီချက်များကိုလည်း ထပ်မံရရှိခဲ့ပါတယ်။ ဒါတွေဟာ တိုးတက်မှုပဲဖြစ်ပါတယ်။ လာမယ့်ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးဆိုင်ရာ အခင်းအကျင်းကို အသေးစိတ်ဆွေးနွေးနိုင်ခဲ့ပြီး ဆောင်ရွက်သွားမယ့် အစီအစဉ်တွေကို ညှိနှိုင်းနိုင်ခဲ့သလို ဆက်စပ်အစည်းအဝေးများ ကျင်းပရေးအတွက် ပြင်ဆင်မှုတွေကို ဆောင်ရွက်သွားဖို့ ဆွေးနွေးနိုင်ခဲ့ပါတယ်။

### သဘောတူညီချက်အတည်ပြုဖို့

"မိမိတို့ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေရဲ့ လာမယ့်ဆွေးနွေးညှိနှိုင်းအစည်းအဝေးရလဒ်တွေကို UPDJC နိုင်ငံရေးပါတီအစုအဖွဲ့တွေကို ထပ်မံရှင်းလင်း တင်ပြနိုင်ရေးအတွက် ဒီအစည်းအဝေးမှာ သဘောထားချမှတ်နိုင်ခဲ့ပါတယ်။ ဆွေးနွေးဖို့ကျန်ရှိတဲ့ အချက်တွေကို လာမယ့် သတ္တမအကြိမ်မြောက် အစိုးရနဲ့ NCA-S EAO နှစ်ဖက်ညှိနှိုင်းရေး အစည်းအဝေးမှာ ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးကရရှိတဲ့ အစည်းအဝေးရလဒ်တွေကို JICM အကြိုပြင်ဆင်ခြင်း အစည်းအဝေးနဲ့ JICM အစည်းအဝေးမှာ အပြီးသတ်သဘောတူညီချက် အတည်ပြုပေးဖို့ ဆက်လက်သယ်ဆောင်သွားမှာ ဖြစ်ပါတယ်။

"အားလုံး ကျေနပ်လက်ခံတဲ့၊ ပြီးပြည့်စုံတဲ့ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၃) ချုပ်ဆိုနိုင်ရေး၊ အနှစ်သာရပြည့်ဝတဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပနိုင်ရေး၊ ငြိမ်းချမ်းရေးရှေ့လုပ်ငန်းစဉ် ချောမွေ့စွာ ရှေ့ဆက်ချီတက်သွားနိုင်ရေးတို့အား ဦးတည်ပြီး ဒီညှိနှိုင်းအစည်းအဝေးမှာ ဝိုင်းဝန်းကြိုးပမ်း ဆွေးနွေးပေးကြတဲ့အတွက် မိမိအနေနဲ့ နှစ်ဖက်ခေါင်းဆောင်များကို ချီးကျူးဂုဏ်ပြုပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါအောက်မှာ နေထိုင်သွားလာလှုပ်ရှားရတာဖြစ်လို့ အားလုံးက ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနဲ့အညီ လိုက်နာဆောင်ရွက်ပြီး ကျန်းမာအောင် နေထိုင်သွားလာ လှုပ်ရှားကြပါလို့ တိုက်တွန်းပါတယ်" ဟု ပြောကြားသည်။



ဆက်လက်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် "ကျွန်တော်တို့ အစိုးရနဲ့ NCA-S EAO တို့ရဲ့ ဆဋ္ဌမအကြိမ် အလုပ်အဖွဲ့ ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့တာ ဒီနေ့က နောက်ဆုံးနေ့ ဖြစ်ပါတယ်။ JICM အစည်းအဝေး ဆုံးဖြတ်ချက်တွေနဲ့အညီ ပြည်ထောင်စု သဘောတူစာချုပ်အစိတ်အပိုင်း-၃ မှာ ရလဒ်ကောင်းတွေရရှိဖို့ မူဘောင်သဘောတူညီချက်တွေ၊ ၂၀၂၀ အလွန် ရှေ့လုပ်ငန်းစဉ် အကောင်အထည်ဖော်မှု ကိစ္စတွေ၊ အခြေခံမူ ရရှိရေးတွေကို ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။

"ဖက်ဒရယ်စနစ်ရဲ့ အဓိက အခြေခံဖြစ်တဲ့ သဘောတူညီမှုတွေ၊ ဆွေးနွေးမှုတွေအပေါ်မှာ အခြေခံတာဖြစ်ပါတယ်။ ညှိနှိုင်းမှုတွေဟာ များစွာ အဓိကကျပါတယ်။ စေ့စပ်ညှိနှိုင်းမှုတွေ အလျှော့အတင်း မရှိဘူးဆိုရင် ရှေ့ဆက်ဖို့ မရနိုင်ပါဘူး။ နှစ်ဖက်စလုံးက အဖြေရချင်တဲ့ဆန္ဒ၊ အဖြေထွက်ချင်တဲ့၊ ရလဒ်ကောင်းတွေ ရချင်တဲ့ ဆန္ဒနဲ့ ကြိုးစားခဲ့ကြပါတယ်။ အစည်းအဝေးအတွင်းမှာရော၊ သီးခြားတွေ့ဆုံတဲ့ အချိန်တွေမှာရော ရလဒ်ကောင်းတွေ ထွက်ဖို့အတွက် နှစ်ဖက် အပြန်အလှန်လေးစားမှု၊ စိတ်ရှည်မှု၊ ရည်မှန်းချက် ရောက်ဖို့အတွက် တစ်ဖက်နဲ့ တစ်ဖက်ဆန္ဒတွေ လေးစားအလေးထားပြီး ကြိုးစားခဲ့ကြပါတယ်။ တစ်ဖက်ခေါင်းဆောင်ပြောခဲ့သလိုပဲ ကျွန်တော်တို့ ရလဒ်ကောင်းတွေလည်းရခဲ့ပါပြီ။ ကျွန်တော်တို့ နေပြည်တော်မှာ ဆက်လက်ပြီး ဆွေးနွေးကြမယ်။ ကျွန်တော်တို့ရဲ့ စတုတ္ထအကြိမ်- (၂၁) ရာစု ပင်လုံ ညီလာခံမှာ တကယ့်အခြေခံဖက်ဒရယ် ကောင်းတွေရဖို့အတွက် ဆက်လက်ပြီး ကြိုးစားကြပါမယ်" ဟု ပြောကြားခဲ့သည်။

### မီဒီယာများ မေးမြန်း

အစည်းအဝေး အပြီးတွင် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA-S-EAO ကိုယ်စားလှယ် နိုင်အောင်မငေးတို့က ဆဋ္ဌမအကြိမ် အလုပ်အဖွဲ့ညှိနှိုင်း အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားခဲ့ပြီး မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

အစိုးရ ကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကိုယ်စားလှယ်များ (NCA - S EAO) ၏ သတ္တမအကြိမ် အလုပ်အဖွဲ့ ညှိနှိုင်း အစည်းအဝေးကို လာမည့် ဩဂုတ်လ ပထမပတ်တွင် နေပြည်တော်၌ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ရဲခေါင်ညွှန့်**
**ဓာတ်ပုံ - ဖိုးထောင်**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း-၃ ချုပ်ဆိုနိုင်ရေးအတွက် နှစ်ဖက်ကိုယ်စားလှယ်များ ဆောင်ရွက်လျက်ရှိ

## နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA-S-EAO ကိုယ်စားလှယ် နိုင်အောင်မငေးတို့ မီဒီယာများနှင့် တွေ့ဆုံဖြေကြား

ရန်ကုန် ဇူလိုင် ၂၉

(၈) ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်များအတိုင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပရေး၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း-၃ ချုပ်ဆိုနိုင်ရေးအတွက် အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်များ (NCA-S EAO) ၏ ဆဋ္ဌမအကြိမ် အလုပ်အဖွဲ့ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၉ ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ဆက်လက်ကျင်းပခဲ့သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA-S-EAO ကိုယ်စားလှယ် နိုင်အောင်မငေးတို့က အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားခဲ့ပြီး မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

### ပြန်ပြီးဆွေးနွေးရတဲ့အပိုင်းရှိ

နှစ်ဖက်ကိုယ်စားလှယ်များ၏ ဆဋ္ဌမအကြိမ် အလုပ်အဖွဲ့အစည်းအဝေးနှင့် ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "အခုက အစိုးရနဲ့NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ကိုယ်စားလှယ်တွေရဲ့ (၆)ကြိမ်မြောက် အစည်းအဝေးကျင်းပတာ ဖြစ်ပါတယ်။ (၆) ကြိမ်မြောက် အစည်းအဝေးကို မူလက သုံးရက်ကျင်းပဖို့ မှန်းထားပေမယ့် လေးရက်လောက် ကျင်းပခဲ့ရပါတယ်။ နောက်ထပ် ထပ်တိုးပြီး အချိန်ယူဆွေးနွေးခဲ့ရတဲ့ အပိုင်းတွေလည်း ရှိပါတယ်။ ကိုယ့်ရဲ့ အစုအဖွဲ့အတွင်းမှာလည်း ပြန်ပြီးဆွေးနွေးရတဲ့အပိုင်း ရှိပါတယ်။ ဒီနေ့လို ရက်ထပ်တိုး ဆွေးနွေးရပေမယ့် သဘောတူညီချက်တွေလည်း တော်တော်လေးရရှိပါတယ်" ဟု ပြောသည်။

ဆွေးနွေးညှိနှိုင်းမှုများနှင့် စပ်လျဉ်း၍ ဦးဇော်ဌေးက "အပိုင်းသုံးပိုင်းပါဝင်တဲ့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း-၃ ချုပ်ဆိုမယ့် အပိုင်းပေါ့။ အပိုင်းတစ်မှာဆိုရင် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်ပါ။ အဲဒီမှာဆိုရင် ကျွန်တော်တို့ ၁၃ ချက်ရပါတယ်။ ဆွေးနွေးဖို့ကျန်တာ သုံးချက်ပါ။ ဒီသုံးချက်ကလည်း အများကြီးကွဲလွဲမှုမရှိဘူး။ အချို့အပိုင်းလေးတွေ ကျေကျေလည်လည်ဖြစ်အောင် လုပ်နေရတဲ့အတွက် အဆင်ပြေသွားမယ့်သဘော ရှိပါတယ်။

### အဆင့်သုံးဆင့် ခွဲခြားထားတာရှိ

အပိုင်းနှစ်ကတော့ ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်နဲ့ အဆင့်လိုက် အကောင်အထည်ဖော်မှု ဖြစ်ပါတယ်။ အဲဒီမှာတော့ ဇယား(၁)နဲ့ ဇယား(၂)ဆိုပြီး ရှိပါတယ်။ ဇယား(၁)မှာ ခေါင်းစဉ်ကြီး ရှစ်ခုရှိပါတယ်။ အဲဒီအပေါ်မှာ သဘောတူညီမှုရရှိပြီး ဖြစ်ပါတယ်။ အသေးစိတ် ဆက်သွားလို့



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA-S-EAO ကိုယ်စားလှယ် နိုင်အောင်မငေးတို့ မီဒီယာများနှင့် တွေ့ဆုံဖြေကြားစဉ်။ ဓာတ်ပုံ-ဖိုးထောင်

ခေါင်းစဉ်ခွဲတွေ သတ်မှတ်တဲ့အဆင့် ဇယား(၂) အပိုင်းမှာတော့ ကျွန်တော်တို့နဲ့ EAO ကြားမှာ ဆွေးနွေးနေတဲ့ အပိုင်းမှာ အဓိကအချက်ဖြစ်တဲ့ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကဏ္ဍနဲ့ ပတ်သက်လို့ အဆင့်သုံးဆင့် ခွဲခြားထားတာ ရှိပါတယ်။ အဲဒီအဆင့်တွေ ခွဲတဲ့အပေါ်မှာ နှစ်ဖက်ဆက်ပြီးညှိနှိုင်းရမယ်။ အဲဒီအချက်ရရင် ဇယား (၂) ကို ရသွားတဲ့အပိုင်း ရှိပါမယ်။ ဒါကြောင့် တော်တော်လေး သဘောတူညီချက်ရနေတဲ့ အနေအထားရှိပါတယ်။

အပိုင်းသုံးကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ ဖြစ်ပါတယ်။ အဲဒီမှာ ဆွေးနွေးနေတာ ရှစ်ချက်ရှိပါတယ်။ နှစ်ဦးနှစ်ဖက် သဘောတူထားတာ နှစ်ချက်ရှိတယ်။ ဆက်ဆွေးနွေးဖို့ကျန်တာ ခြောက်ချက်ရှိပါတယ်။ ဒါကလည်း မပြီးပြတ်သေးတာ မဟုတ်ပါဘူး။ အချို့အချက်တွေ သဘောတူတယ်။ သို့သော် သဘောတူပြီးတဲ့ အချက်တွေသည် အခြားအချက်တွေနဲ့ ချိတ်ဆက်နေတဲ့အတွက် ဆက်ဆွေးနွေးနေရတဲ့ အနေအထားရှိပါတယ်။ နောက်အစည်းအဝေးတစ်ကြိမ်ဆို ပြီးပြတ်သွားမယ့်အနေအထား ရှိတယ်လို့ မျှော်မှန်းပါတယ်။

ဒါကြောင့် အခု (၆) ကြိမ်မြောက် အစည်းအဝေးအပြီး လာမယ့် ဩဂုတ်လ ၁ ရက်နေ့ဆို နေပြည်တော်မှာ တွေ့မယ်။ ဒါတွေပြီးရင် JICM အကြိုအစည်းအဝေး၊ JICM အစည်းအဝေးတွေ လုပ်မယ်။ နောက် UPDJC အစည်းအဝေးပြီးတာနဲ့ ညီလာခံကိုကျင်းပဖို့ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်" ဟု ဖြေကြားသည်။

NCA-S-EAO ကိုယ်စားလှယ် နိုင်အောင်မငေးက "အခုက ကျွန်တော်တို့ (၆)ကြိမ်မြောက် အလုပ်အဖွဲ့ညှိနှိုင်းအစည်းအဝေး ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာလကို ကျော်ဖြတ်ရင်းနဲ့ အွန်လိုင်းကနေပဲ ဆွေးနွေးရင်းကနေ ဒါဟာ ပထမဆုံး မျက်နှာစုံညီအစည်းအဝေး ဖြစ်ပါတယ်။ အပိုင်းတစ်မှာ ဦးဇော်ဌေးပြောခဲ့သလို မူဘောင်မှာ ဆက်လက်ဆွေးနွေးဖို့ သုံးချက်ပဲ ကျန်ပါတယ်။ အပိုင်းနှစ်မှာ ဇယား(၂)ကိုပဲ ဆက်လက်ဆွေးနွေးဖို့ ကျန်ပါတယ်။ အဲဒီမှာလည်း လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းပဲ ဆက်လက်ဆွေးနွေးသဘောတူဖို့ ကျန်ရှိပါတယ်။ အပိုင်းသုံးမှာ ရှစ်ချက်ရှိပါတယ်။ အဲဒီမှာ နှစ်ချက်ရရှိပြီး ခြောက်ချက် ဆွေးနွေးဖို့ ကျန်ပါတယ်။ အဲဒီမှာလည်း တစ်ချက်နဲ့တစ်ချက်၊ တစ်ပိုင်းနဲ့တစ်ပိုင်း ချိတ်ဆက်မှုရှိတဲ့အတွက်ကြောင့် ဆွေးနွေးပွဲ မပြီးပြတ်သေးတာပါ။ ဩဂုတ် ၁ ရက်နေ့ကျရင် နေပြည်တော်မှာ ဆက်လက်ဆွေးနွေးဖို့ သတ်မှတ်ထားပါတယ်။ ဒါတွေပြီးရင် အကျိုးရလဒ်ကောင်း တစ်ခုရမယ်လို့ မျှော်လင့်ပါတယ်" ဟု ဖြေကြားသည်။

ထို့နောက် တက်ရောက်လာသည့် သတင်းမီဒီယာများက ဩဂုတ်လ ဒုတိယပတ်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးနှင့် ဆောင်ရွက်သွားမည့် အခြေအနေများကို မေးမြန်းကြသည်။

### ညီလာခံဖိတ်ကြားရေး

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် အပစ်ရပ် NCA စာချုပ် လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ဖိတ်ကြားရေးနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ကျွန်တော်တို့ ဘယ်သူမှ မဖိတ်ရသေးပါဘူး။ အခု အစည်းအဝေးတွေပြီးရင်တော့ ဖိတ်ကြားသွားဖို့ ရှိပါတယ်။ NCA မထိုးရသေးတဲ့ အဖွဲ့တော်တော်များများကို ဖိတ်ကြားဖို့ ရှိပါတယ်။ ဖိတ်မှာပါ။ နိုင်ငံရေးပါတီတွေလည်း ဖိတ်ရမယ်။ သံတမန်တွေကိုလည်း ဖိတ်ရပါမယ်။ မီဒီယာနဲ့ ပတ်သက်ရင်တော့ ပြန်ကြားရေးဝန်ကြီးဌာနက စည်းမျဉ်းစည်းကမ်းတွေ ထုတ်ထားတာ ရှိပါတယ်။ အလားတူ ကိုဗစ်-၁၉ ကာလမှာ ကျင်းပရတဲ့ ညီလာခံဖြစ်တာကြောင့် ယခင် ညီလာခံတွေမှာ လေ့လာသူတွေ ခွင့်ပြုတာရှိပေမယ့် အခုတော့ ခွင့်ပြုမှာမဟုတ်ပါဘူး။ ညီလာခံကျင်းပတဲ့ အခင်းအကျင်းကလည်း ယခင်ကလိုမဟုတ်ဘဲ MICC-1 နဲ့ MICC-2 နှစ်နေရာခွဲ ကျင်းပပါမယ်။ အရင်က MICC-2 မှာသာ ကျင်းပပေမယ့် social distancing အရ အဆင်မပြေတာကြောင့် တကယ့်ကို အရေးပါတဲ့ JICM အစည်းအဝေးတွေ၊ UPDJC အစည်းအဝေးတွေကို MICC-1 မှာ ကျင်းပပါမယ်။ MICC-2 မှာတော့ ဖွင့်ပွဲကျင်းပမယ်။ ခေါင်းဆောင်တွေ တက်ရောက်ပြီး မူဝါဒမိန့်ခွန်းတွေ ပြောကြားပါမယ်။ ကိုဗစ်-၁၉ ကာလမှာ လုပ်ရတာကြောင့် ကိုယ်စားလှယ်အရေအတွက် သုံးပုံတစ်ပုံ လျှော့ချရပေမယ့် ညီလာခံရလဒ်နဲ့ အနှစ်သာရကောင်းတွေရရှိအောင် နှစ်ဖက်ကြိုးစားနေပါတယ်။ နိုင်ငံရေးပါတီ အစုအဖွဲ့တွေကိုလည်း ကျွန်တော်တို့ ရှင်းပြနေပါတယ်" ဟု ဖြေကြားသည်။

### ညီလာခံသို့ နိုင်ငံတကာအဖွဲ့အစည်းများ တက်ရောက်ရေး

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးသို့ နိုင်ငံတကာအဖွဲ့အစည်းများ တက်ရောက်ရေးနှင့် ပတ်သက်၍ "အခုက နိုင်ငံတကာ လေကြောင်းလိုင်းတွေကို ကျွန်တော်တို့ ခွင့်ပြုထားခြင်း မရှိဘူး။ ဒါကြောင့် နိုင်ငံပြင်ပက လာမယ့်သူတွေ အခက်အခဲရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဖိတ်ကြားတဲ့သူက ကိုယ်တိုင်တက်ရပါမယ်။ ကိုယ်စားတက်ရောက်ခွင့် မပြုပါဘူး။ ယခင်က ညီလာခံလာရင် သံတမန်တွေဆို + ၁ ခေါ်လာပါတယ်။ မရှိမဖြစ်မှအပ လူပိုခေါ်ခွင့် မရှိပါဘူး။ တက်ရောက်မယ့်သူတွေကလည်း Swab နမူနာယူရပါမယ်။ သတ်မှတ်တဲ့ ဟိုတယ်မှာပဲ နေရပါမယ်" ဟု ဦးဇော်ဌေးက ပြောသည်။

အပစ်ရပ် NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ညီလာခံတက်ရောက်ရေးနှင့် ပတ်သက်၍ နိုင်အောင်မငေးက "ကျွန်တော်တို့ NCA-S EAO တွေရဲ့ ဆန္ဒက သူတို့ကိုလည်း ဖိတ်ကြားစေချင်ပါတယ်။ အစိုးရကိုလည်း ပြောပြထားပါတယ်။ ဖိတ်ပေးဖို့လည်း တိုက်တွန်းထားပါတယ်။ တက်ရောက်ခြင်း ရှိ/မရှိ ကတော့ သူတို့အပိုင်းပါ။ ကျွန်တော်တို့ကတော့ အစိုးရကို ဖိတ်ပေးဖို့ ပြောထားပါတယ်" ဟု ဖြေကြားသည်။

ရဲခေါင်ညွှန့်


အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# ငါးဖမ်းရေယာဉ်တစ်စင်း လှိုင်းလေပြင်း၍ ပင်လယ်ပြင်၌ နစ်မြုပ်ပြီး ရေလုပ်သားတစ်ဦးပျောက်ဆုံးနေ

**ဟိုင်းကြီးကျွန်း ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အနီး သမီးလှကျွန်း၏ အရှေ့ဘက်ထိပ်စွန်း၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာ ပင်လယ်ပြင်၌ ဇူလိုင် ၂၈ ရက် ညနေ ၄ နာရီခန့်က ငါးဖမ်းရေယာဉ်တစ်စင်း လှိုင်းလေပြင်း၍ ရေဝင်ကာ တိမ်းစောင်းနစ်မြုပ်သွားခဲ့ပြီး ရေလုပ်သားတစ်ဦးပျောက်ဆုံးနေကြောင်း သိရသည်။

နစ်မြုပ်ငါးဖမ်းရေယာဉ်မှာ ဟိုင်းကြီးကျွန်းမြို့ အမှတ် (၃) ရပ်ကွက်နေ ဦးတင်မိုး ပိုင်ဆိုင်သော ဆိုင်းရာအောင် (၆) အမည်ရှိ ငါးဖမ်းရေယာဉ်ဖြစ်ပြီး လှေဦးစီး ဦးမြင့်ဝင်းနှင့်အတူ ရေလုပ်သား ၁၈ ဦး လိုက်ပါကာ ဟိုင်းကြီးကျွန်းမြို့မှ ယမန်နေ့ နေ့လယ်ပိုင်းက ပင်လယ်ပြင်သို့ ငါးဖမ်းရန်ထွက်ခွာသွားခဲ့ခြင်းဖြစ်ကြောင်း၊ လိပ်ကျွန်း (ခ) သမီးလှကျွန်း၏ အရှေ့ဘက် (ထိပ်စွန်း) ၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာ ပင်လယ်ပြင်သို့ အရောက်တွင် လှိုင်းလေပြင်းထန်ကာ ရေယာဉ်ကို လှိုင်းများ လွှမ်းခြုံသွားခဲ့ပြီး ရေဝင်ကာ တိမ်းစောင်းနစ်မြုပ်သွားခဲ့ကြောင်း၊ ရေယာဉ်နစ်မြုပ်သွားပြီးနောက် ဦးထွန်းထွန်းဝင်းဦးစီးသည့် အောင်သီတာထွန်း(A) အမည်ရှိ ငါးဖမ်းရေယာဉ်က ညနေ ၆ နာရီခွဲခန့်တွင် ရေလုပ်သားများကို တွေ့ရှိဆယ်ယူနိုင်ခဲ့ကြောင်း၊ သို့ရာတွင် ရေယာဉ်ပေါ်ပါ ရေလုပ်သား ၁၈ ဦး အနက် ၁၇ ဦးကိုသာ ကယ်ဆယ်နိုင်ခဲ့ပြီး ဟိုင်းကြီးကျွန်းမြို့ အမှတ် (၃) ရပ်ကွက်နေ အသက် (၅၀) နှစ်အရွယ် ဦးတင်ရွှေမှာ ပျောက်ဆုံးနေကြောင်း သိရသည်။

ယခုအခါ ရေယာဉ်နစ်မြုပ်မှုတွင် ပါဝင်ခဲ့ပြီး ကယ်ဆယ်ရရှိခဲ့သော ရေလုပ်သား ၁၇ ဦးမှာ ဟိုင်းကြီးကျွန်းမြို့သို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် ပျောက်ဆုံး ရေလုပ်သားတစ်ဦးကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)**

# ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပြည်သူသို့ အသိပေးနှိုးဆော်

မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန်များပြားစွာ ရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

သို့ဖြစ်ရာ ယခုကာလ၌ ပုံမှန်ရေကြီးရေလျှံခြင်းမျိုးသာမက လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ မြေပြိုမှုများနှင့်ပတ်သက်၍လည်း အထူးသတိထားရန် လိုအပ်ကြောင်းနှင့် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို သတိပြုလိုက်နာဆောင်ရွက်နိုင်ပါရန် အကြံပြုအပ်ပါသည်–

- မိုးလေဝသသတင်းများနှင့် ထူးခြားမြစ်ရေအခြေအနေထုတ်ပြန်ချက်များကို သတိပြုနားထောင်ပါ။
- အသက်ကယ်အင်္ကျီ၊ ဗောကွင်း၊ လေလုံပိတ်ရေပုံးအလွတ်၊ ကားတာယာကျွတ် အစရှိသည့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။
- မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်းအစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသားများဖြင့် ကြိုတင်မှတ်သားထားရှိပါ။
- တောင်ပေါ်ဒေသများ၊ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုပါ။ လျှပ်တစ်ပြက်ရေကြီးခြင်းသည် ရှောင်တိမ်းရန် အချိန်အလွန်နည်းပါသည်။ ညအချိန်များတွင် ပိုမိုဂရုပြုနေထိုင်ပါ။
- မြစ်၊ ချောင်းကမ်းပါးများနှင့် အလွန်နီးကပ်စွာ နေထိုင်သူများ၊ သဲသောင်ပြင်များတွင် သီးနှံစိုက်ပျိုးကြသူများ လိုအပ်ပါက အန္တရာယ်လွတ်ကင်းသည့် နေရာများသို့ ခေတ္တပြောင်းရွှေ့နေထိုင်ပါ။
- ရေကြီးသောဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားပါနှင့်။ တောင်ကုန်း၊ တောင်စောင်းများအနီးတွင် နေထိုင်သူများ တောင်ပြိုကျမှုအန္တရာယ်ကို သတိထားပါ။
- ရေထဲတွင် မလိုအပ်ဘဲ ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။ မလွဲမရှောင်သာ ရေထဲဖြတ်လျှောက်ရပါက တုတ်ဖြင့် စမ်းထောက်ပြီးသွားပါ။
- ရေကြီးနေစဉ် တောင်ကျချောင်းများ၌ လူ၊ တိရစ္ဆာန်၊ မော်တော်ဆိုင်ကယ်၊ မော်တော်ကား မဖြတ်ကူးပါနှင့်။ ရေစီးနှင့် မျောပါတတ်ပါသည်။
- ရေကြီးနေချိန်၊ ရေကြီးပြီးချိန်များတွင် လျှပ်စစ်မီးကြိုး၊ လျှပ်စစ်မီးတိုင်များနှင့် တတ်နိုင်သမျှ ဝေးဝေးနေပါ။ ရေစိုနေသော လျှပ်စစ်စွဲစ္စည်းများကို အသုံးမပြုပါနှင့်။ မြွေနှင့်အဆိပ်ရှိသော သတ္တဝါများ၏ အန္တရာယ်ကို သတိပြုပါ။

ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်များ၊ အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်၊ အရေးပေါ်အချိန်တွင် သက်ဆိုင်ရာတာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုများအတိုင်း ပူးပေါင်းဆောင်ရွက်ပေးပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇–၃၄၀၄၆၆၆ နှင့် ၀၆၇–၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်သတင်းရယူ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ ရက်က မန္တလေး–မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၂၇၀၊ သွင်းကုန် ၃၃၈ စီး၊ ရန်ကုန်–မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် ရေပူရှောင်ကွင်းလမ်းအတွင်း၌ ရှောင်ကွင်းသယ်ဆောင်ရန် စုပုံ၍အမိုးအကာဖြင့် ဖုံးအုပ်ထားသော ထိုင်းနိုင်ငံထုတ် ဘီယာ (Chang) တံဆိပ် တစ်ပါကင် ၂၄ လုံးပါ ၂၅ ပါကင် တရားမဝင် ပီတောက်ခားရွေ ၂၅ ချောင်း (၀ ဒသမ ၂၉၈ တန်)၊ တမလန်း ခားရွေ ငါးချောင်း (၀ ဒသမ ၀၄၇၆) တန် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၃၃၆ သန်း စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခိုးမှုမသင်္ကာသူ နှစ်ဦးကို စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှု ၁၀ မှု ဖော်ထုတ်နိုင်ခဲ့

**ရန်ကုန် ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက မိမိနယ်မြေအတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက် ကျူးလွန်သူများကို စုံစမ်းဖော်ထုတ်အရေးယူ ဆောင်ရွက်သွားရန် ညွှန်ကြားချက်အရ ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီခွဲခန့်က အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး ခရိုင်မှုခင်းနှိမ်နင်းရေး ဌာနစုမှ တပ်ဖွဲ့ဝင်များသည် မြောက်ဥက္ကလာပမြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက်သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ ကျော်လင်းထွန်းကို (၂) ရပ်ကွက် မာဃလမ်းမပေါ်၌ တွေ့ရှိစစ်ဆေးရာ တာမွေမြို့မရဲစခန်း (ပ)၁၀၁၇/၂၀၂၀၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉ အမှုမှ တရားခံ လှိုင်မင်းထွန်း (ခ) မဲ့ကြီး နှင့်အတူ ၂၀၂၀ ပြည့်နှစ် မတ်လမှ ဇွန်လအထိ တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာမြို့နယ်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကင်းမြို့နယ်



နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တို့အတွင်း အငှားယာဉ်ဖြင့် လှည့်လည်သွားလာ၍ လမ်းဘေး၌ ရပ်ထားသော ဆိုင်ကယ် ၁၀ စီးကို သယ်ဆောင်၍ ခိုးယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ အမှုမှ ပူးပေါင်းပါဝင်သူ လှိုင်မင်းထွန်း (ခ) မဲ့ကြီးကို အမှုဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ အဆိုပါပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်း ဆိုင်ကယ် ၁၀ စီးကို ပြန်လည်သိမ်းဆည်းရရှိပြီး ပြစ်မှုကျူးလွန်သူ ကျော်လင်းထွန်းနှင့် လှိုင်မင်းထွန်း (ခ) မဲ့ကြီးတို့ နှစ်ဦးကို ဥပဒေနှင့်အညီ အမြန် တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# မင်္ဂလာဒုံမြို့နယ်တွင် လူသတ်မှုဖြစ်ပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၂၉**

မင်္ဂလာဒုံမြို့နယ် ဝါယာလက်ဈေးထိပ် ဈေးအုပ်ချုပ်ရေးရုံးအနီးတွင် ဓားထိုးမှုဖြစ်ပွားပြီး အမျိုးသားတစ်ဦးသေဆုံးသွားကြောင်း၊ အမှုမှ ပြစ်မှုကျူးလွန်သူ နှစ်ဦးအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိပြီး စစ်ဆေးလျက်ရှိကြောင်း မင်္ဂလာဒုံမြို့မရဲစခန်းက သိရသည်။

ဝါယာလက်ဈေးထိပ်၌ လူသတ်မှုဖြစ်ပွားကြောင်း သတင်းအရ မင်္ဂလာဒုံမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ဇော်မိုးဦး ဦးဆောင်၍ နယ်မြေအပိုင် နယ်ထိန်းတပ်ဖွဲ့ဝင်များက အမြန်ဆုံး ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ စိုးချစ် (ခ) ရဲသွေးနှင့် အမှုတွင်ပါဝင်သူ ဇေယျာဖုန်းပိုင်တို့အား နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ပြီး သက်သေခံပစ္စည်း သိမ်းဆည်းခြင်း၊ ချုပ်ရိုမန်ယူခြင်းတို့ ဆောင်ရွက်ကာ ထွက်ပြေးနေသူ ထွန်းထွန်းဝင်းအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဖြစ်ပွားရသည့်အကြောင်းရင်းမှာ အရက်သေစာ သောက်စားပြီး အချင်းချင်းစနောက်ရာမှ စကားများရန်ဖြစ်ကာ ဓားဖြင့် ထိုးခြင်းကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ရဲမှတ်တမ်းအရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မင်္ဂလာဒုံမြို့မရဲစခန်းက အမှုဖွင့်ပြီး တရားစွဲတင်ပို့နိုင်ရေး ဆက်လက်စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

**မျိုးကြီး**

*စာမျက်နှာ ၉ မှ*

ဆန္ဒမဲပေးသူဟာ ဆန္ဒမဲလက်မှတ်မှာ မိမိမဲပေးလိုတဲ့ တရားလွှတ်တော်ရှေ့နေ ၁၁ ဦးရဲ့ အမည်နံဘေးရှိ ကွက်လပ်မှာ အမှန် (✓) အမှတ်အသားရေးမှတ်ရမှာ ဖြစ်ပါတယ်။ ၁၁ ဦးထက်ပိုပြီး ဆန္ဒပြုထားတဲ့ ဆန္ဒမဲလက်မှတ်၊ မသေချာမထင်ရှားတဲ့ ဆန္ဒမဲလက်မှတ်၊ ပြောင်းလဲထားတဲ့ ဆန္ဒမဲလက်မှတ်နှင့် ပျက်စီးနေတဲ့ ဆန္ဒမဲလက်မှတ်တို့ကို ပယ်မဲအဖြစ် သတ်မှတ်မှာဖြစ်ပါတယ်။

**ဆန္ဒမဲရေတွက်ခြင်းနှင့်ကောင်စီဝင်လောင်းအမည်စာရင်းကြေညာခြင်း**

ဆန္ဒမဲပေးပြီးတဲ့အခါ သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့က မိမိတို့မဲရုံအလိုက် ဆန္ဒမဲများကိုစိစစ်ပြီး ကောင်စီဝင်လောင်းတစ်ဦးချင်းစီရရှိတဲ့ ဆန္ဒမဲအရေအတွက်ကို အများအနည်းအလိုက် ပုံစံ ၁၄ နဲ့ ပြုစုပြီး အတွင်းရေးမှူးထံ ပေးပို့မှာဖြစ်ပါတယ်။ အတွင်းရေးမှူးက ကောင်စီဝင်လောင်း တစ်ဦးချင်းစီ ရရှိတဲ့ ဆန္ဒမဲအများအနည်းအလိုက် စာရင်းချုပ်ပြီး ဆန္ဒမဲအများဆုံးရရှိတဲ့ ရွေးကောက်တင်မြှောက်ခံရသူ ၁၁ ဦးရဲ့ အမည်စာရင်းကို ကြေညာမှာဖြစ်ပါတယ်။

ရွေးကောက်တင်မြှောက်ခံရသူများစာရင်းကို ထုတ်ပြန်ကြေညာပြီးနောက် ရက်ပေါင်း ၆၀ အတွင်း လက်ရှိတရားလွှတ်တော် ရှေ့နေများကောင်စီဥက္ကဋ္ဌက တရားလွှတ်တော်ရှေ့နေများကောင်စီ ပထမအကြိမ် အစည်းအဝေးကို ခေါ်ယူကျင်းပမှာ ဖြစ်ပါတယ်။ အဲဒီနေ့မှာပဲ ယခင်ကောင်စီဝင်ဟောင်းများဟာ တာဝန်မှနုတ်ထွက်ပြီးဖြစ်တယ်လို့ မှတ်ယူရမှာဖြစ်ပြီး ရွေးကောက်တင်မြှောက်ခံရတဲ့ တရားလွှတ်တော်ရှေ့နေများပါဝင်တဲ့ တရားလွှတ်တော်ရှေ့နေများကောင်စီ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။

တရားလွှတ်တော်ရှေ့နေများကောင်စီရဲ့ ရုံးလုပ်ငန်းများကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက တာဝန်ယူဆောင်ရွက်ရတာကြောင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီမံခန့်ခွဲရေးကိစ္စရပ်များအပါအဝင် လုပ်ငန်းစဉ်အားလုံးကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့် တရားလွှတ်တော်ရှေ့နေများကိုယ်တိုင် ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ခံရတဲ့ တရားလွှတ်တော်ရှေ့နေများ ပါဝင်တဲ့ တရားလွှတ်တော်ရှေ့နေများကောင်စီဟာ မကြာမီကာလမှာ ဖွဲ့စည်းမှုအသစ်နဲ့ ပေါ်ပေါက်လာမှာဖြစ်ပြီး တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေအရ သက်ဆိုင်ရာလုပ်ငန်းများကို ပိုမိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း ဖော်ပြအပ်ပါတယ်။ ။

❂ *ကျောဖုံးမှ*

ဖြစ်ကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် ဖွိုက်အား ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် စပါးအသင်းကို ပိုချက်တီနို တာဝန်ယူကိုင်တွယ်ခဲ့စဉ်က အင်္ဂလိပ်တီးနားကလပ် အက်စ်တူဒီယန်အသင်းမှ ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လိဒ်စ်နည်းပြ ဘီယဲလ်ဆာသည် အသင်းကို ချန်ပီယံရှစ်တွင် ဖလားရရှိအောင် စွမ်းဆောင်ပေးပြီး ပရီမီယာလိဂ်သို့ နှစ်ပေါင်း ၁၆ နှစ်အကြာတွင် တန်းတက်ခွင့်ရရှိအောင် ကူညီပေးထားနိုင်ကြောင်း၊ နောက်တွင် အသင်း၏ ကစားသမားစာရင်းကို မြှင့်တင်လုပ်ဆောင်နေလိုကြောင်း သိရသည်။

လိဒ်စ်အသင်းသည် ယခုနှစ်ရာသီတွင် အငှားဖြင့် လာရောက်ကစားခဲ့သော ဘရိုက်တန်အသင်းမှ ဗဟိုခံစစ်ကစားသမား ဝှိုက်ကို ပေါင်သန်း ၂၀ ဖြင့် အမြဲတမ်းခေါ်ယူစာချုပ်လိုနေသော်လည်း ဘရိုက်တန်အသင်းက လိဒ်စ်အသင်းကို ရောင်းထုတ်ဖွယ်မရှိကြောင်း သိရသည်။

ဖွိုက်ကို လိဒ်စ်အသင်းအပြင် အင်္ဂလိပ်တီးနားကလပ် ဘိုကာဂျူနီယာအသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း၊ သို့သော်လည်း ကစားသမားကိုယ်တိုင်က ပြီးခဲ့သည့်လတွင် အင်္ဂလိပ်တီးနားသို့ ပြန်လည်ပြောင်းရွှေ့ကစားရန် ဆန္ဒမရှိကြောင်း ထုတ်ဖော်ပြောကြားထားသည့်အတွက် လိဒ်စ်အသင်းသို့ ပြောင်းရွှေ့ရေးမှာ ဖြစ်မြောက်လာဖွယ်ရှိနေသည်။

**အောင်ဇော်**

# ကိုဗစ် – ၁၉ ကာကွယ်ဆေးရလျှင် နိုင်ငံတကာသို့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သမ္မတထရမ့် ပြောကြား

**ဝါရှင်တန် ဇူလိုင် ၂၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့က ကိုဗစ်–၁၉ အတွက် ကာကွယ်ဆေးကို လာမည့် ၂၀၂၁ ခုနှစ် အစောပိုင်းလောက်တွင် ရရှိနိုင်မည်ဟု မျှော်မှန်းထားပြီး ကာကွယ်ဆေးအဆင်သင့်ဖြစ်သည်နှင့် တစ်ပြိုင်နက် အခြားနိုင်ငံများသို့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သမ္မတထရမ့်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်ကြောင်း သိရသည်။

မိမိတို့လက်ထဲတွင် ကာကွယ်ဆေးရောက်လာသည်နှင့်တစ်ပြိုင်နက် ယင်းကာကွယ်ဆေးကို နိုင်ငံတကာသို့ ဖြန့်ဝေပေးမည်ဖြစ်ပြီး ဂရုတစိုက်လုပ်ဆောင်မည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် သမ္မတထရမ့်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ကာကွယ်ဆေးတစ်နိုင်ငံလုံးအနှံ့သို့ အမြန်ဆုံးရောက်ရှိစေမည်ဖြစ်ပြီး လက်ရှိတွင် အသက်ရှူအထောက်အကူပြုကိရိယာများနှင့် အခြားလိုအပ်သည့်ပစ္စည်းကိရိယာများကို ကမ္ဘာအနှံ့ ပို့ဆောင်ပေးနေသကဲ့သို့ပင် ကာကွယ်ဆေးအများအပြားကို ကမ္ဘာတစ်ဝန်းသို့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ထရမ့်က ပြောသည်။

ဇီဝနည်းပညာကုမ္ပဏီဖြစ်သည့် မော်ဒန်နာမှ ဖော်စပ်ထုတ်လုပ်လိုက်သည့် ကိုဗစ် – ၁၉ ကာကွယ်ဆေးကို အမေရိကန်ဆေးပညာရှင်များက စမ်းသပ်မှုအဆင့်ဆင့်ပြုလုပ်ခဲ့ရာ တတိယအဆင့် စမ်းသပ်မှုစတင်နေပြီဖြစ်ကြောင်း အမျိုးသားကျန်းမာရေးအင်စတီကျုက ဇူလိုင် ၂၉ ရက်တွင် ပြောကြားခဲ့သည်။

တတိယအဆင့် စမ်းသပ်မှုကို အမေရိကန်ပြည်ထောင်စုရှိ ဆေးဝါးသုတေသနဌာနများစွာတို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကာ ကိုဗစ်–၁၉ ကူးစက်ခံရခြင်းမရှိသည့် စေတနာရှင် ၃၀၀၀၀ ခန့် ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ခံရသူ ၁ ဒသမ ၅ သန်းကျော်အထိ ရှိလာပြီ



မွမ်ဘိုင်းမြို့ရှိ လူနေရပ်ကွက်တစ်ခုတွင် ဒေသခံများအား ဗိုင်းရပ်စ်စစ်ဆေးရန် ကျန်းမာရေးဝန်ထမ်းအချို့ဝင်ရောက်လာစဉ်။

**နယူးဒေလီ ဇူလိုင် ၂၉**

အိန္ဒိယနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု ဆက်လက်တိုးနေပြီး ဇူလိုင် ၂၉ ရက်တွင် ရောဂါကူးစက်ခံရသူ ၁ ဒသမ ၅ သန်းအထိ ရှိလာခဲ့သည်။ ကိုဗစ်–၁၉ ကြောင့် သေဆုံးသူအရေအတွက်မှာ ၃၅၀၀၀ အထိ ရှိလာပြီ ဖြစ်သည်။

သို့ရာတွင် အိန္ဒိယနိုင်ငံ၏ ဒုတိယလူဦးရေအထူထပ်ဆုံးဖြစ်သည့် မွမ်ဘိုင်းမြို့တွင် ဗိုင်းရပ်စ်စစ်ဆေးမှုဆောင်ရွက်ထားသည့် ရလဒ်များအရ တရားဝင်အချက်အလက်ထုတ်ပြန်ထားသည့် အရေအတွက်ထက် ပိုများလာနိုင်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ရောဂါ ကူးစက်ခံရသူ အရေအတွက်မြင့်တက်လာမှုနှင့်အတူ အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုများ ပိုမိုလုပ်ဆောင်ရလျက်ရှိသည်။ အိန္ဒိယနိုင်ငံ၏ လက်ရှိအနေအထားသည် အခြားနိုင်ငံများထက် အခြေအနေဆိုးရွားကြောင်းနှင့် ဗိုင်းရပ်စ်တိုက်ဖျက်ရေးတုံ့ပြန်ဆောင်ရွက်ရမှုများတွင် နိုင်ငံတကာက ချီးကျူးရလောက်သည်အထိ ကြိုးစားပမ်းစားဆောင်ရွက်ခဲ့ရကြောင်း ဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ယခုရက်သတ္တပတ်အတွင်း ပြောကြား ခဲ့သည်။

ထို့ပြင်အစိုးရအနေဖြင့် ကိုဗစ်–၁၉ ကူးစက်ခံခဲ့ရသည့်ပြည်သူများ ပြန်လည်သက်သာကောင်းမွန်လာစေရေးကို အလေးပေးဆောင်ရွက်လျက်ရှိနေချိန်မှာပင် ဇူလိုင် ၂၉ ရက်တွင် ရောဂါထပ်မံကူးစက်ခံရသူ ၅၀၀၀၀ နီးပါးအထိရှိခဲ့ကာ ရောဂါကြောင့် ထပ်မံသေဆုံးရသူ ၇၆၈ ဦး အထိ ထပ်တိုးလာခဲ့ကြောင်း သိရသည်။ ကျွမ်းကျင်သူအများအပြားက လူဦးရေထူထပ်သည့် အိန္ဒိယနိုင်ငံတွင် ပြည်သူများအား ဗိုင်းရပ်စ်စစ်ဆေးမှုလုံလောက်စွာ ဆောင်ရွက်နိုင်ခြင်း မရှိမှုကြောင့် ကိုဗစ်–၁၉ နှင့် ဆက်နွှယ်သည့် သေဆုံးမှုများ အလွန်မြင့်တက်နေရကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ဩစတြေးလျတောမီးကြောင့် တောရိုင်းတိရစ္ဆာန်ကောင်ရေ သုံးဘီလီယံနီးပါး စားကျက်မြေပျောက်ကွယ်

**ဗီယင်နာ ဇူလိုင် ၂၉**

ဩစတြေးလျနိုင်ငံတွင် အကြီးအကျယ် လောင်ကျွမ်းခဲ့သည့် တောမီးကြောင့် တောရိုင်းတိရစ္ဆာန်ကောင်ရေသုံးဘီလီယံနီးပါးအထိ စားကျက်မြေပျောက်ကွယ်ခဲ့ရကြောင်း သိပ္ပံပညာရှင်များက ဖော်ပြခဲ့သည်။

ဩစတြေးလျတွင်ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားခဲ့သည့် တောမီးလောင်မှုများကြောင့် နို့တိုက်သတ္တဝါ ၁၄၃ သန်း၊ တွားသွားသတ္တဝါ ၂၄၆ သန်း၊ ငှက်အကောင်ရေ သန်း ၁၈၀ နှင့် ဖားအကောင်ရေ ၅၁ သန်းအထိ မီးလောင်သေဆုံးမှု သို့မဟုတ် စားကျက်မြေစွန့်ခွာ ထွက်ပြေးရမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အသက်ရှင်နေထိုင်လာသည့် သမိုင်းကြောင်းတစ်လျှောက်တွင် တောရိုင်းတိရစ္ဆာန်ပေါင်းမြောက်မြားစွာကို ယခုလောက်အထိ သေကျေပျက်စီးစေ၊ စားကျက်မြေ ပျောက်ကွယ်စေသည့် အခြားဖြစ်ရပ်မျိုးရှိလိမ့်မည်ဟု မထင်မိကြောင်းနှင့် ယခုဖြစ်ရပ်သည် ခေတ်သစ်သမိုင်းကြောင်းတွင် တိရစ္ဆာန်များအပေါ် ကျရောက်ခဲ့သည့် အဆိုးရွားဆုံးသဘာဝဘေးအန္တရာယ်တစ်ခု ဖြစ်ကြောင်း ကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် စက်တင်ဘာလမှ စတင်ကာ ဩစတြေးလျနိုင်ငံ တစ်ဝန်း တောမီးလောင်မှုကြောင့် ပြည်သူ ၃၀ကျော်အထိသေဆုံးခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# ဖိလစ်ပိုင်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု ထိန်းချုပ်ရန် ကြက်ကောင်ရေ ၃၉၀၀၀ ကို သုတ်သင်

**မနီလာ ဇူလိုင် ၂၉**

ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာမြောက်ပိုင်းရှိ မြို့တစ်မြို့တွင် ကြက်မွေးမြူရေးခြံတစ်ခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပြီးနောက်တွင် ကြက်ကောင်ရေပေါင်း ၃၈၇၀၁ ကောင်ကို သုတ်သင်ခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ဇူလိုင် ၂၉ ရက်တွင် ပြောကြားခဲ့သည်။

ပမ်ပန်ဂါပြည်နယ် ဆန်လူဝီရှိ ဥစားကြက်မွေးမြူရေးခြံမှ ကြက်များတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကူးစက် ဖြစ်ပွားနေကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန တိရစ္ဆာန်မွေးမြူရေးဗျူရိုယိုက ဇူလိုင် ၂၉ ရက်တွင် အတည်ပြုခဲ့သည်။

ရောဂါကူးစက်ခံရသည့် မွေးမြူရေးခြံနှင့်အနီးတစ်ဝိုက်တွင် ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေကို စစ်ဆေးစောင့်ကြည့်ရန်ဌာနမှ အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ပြီး ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ကာကွယ်တားဆီးရန်အတွက် ရောဂါထိန်းချုပ်ရေးအစီအမံများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့က ရောဂါကူးစက်ခံထားရသည့် ကြက်ကောင်ရေ ၃၈၇၀၁ ကောင်ကို သုတ်သင်ခဲ့ကာ သေချာစွာ ရှင်းလင်းရေးဆောင်ရွက်ခဲ့ကြောင်း တိရစ္ဆာန်မွေးမြူရေးဗျူရိုယိုဒါရိုက်တာ ရွန်နီဒိုမင်ဂိုက ပြောကြားခဲ့သည်။

ဆန်လူဝီမြို့တွင် အခြားနေရာများမှ ရွှေ့ပြောင်းရောက်ရှိလာသည့် ငှက်များရှိနေခြင်းက ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကို သယ်ဆောင်လာသည့် ရင်းမြစ်တစ်ခုဖြစ်နိုင်ကြောင်း ရွန်နီဒိုမင်ဂိုက ပြောသည်။

**ဆင်ဟွာ**

# စည်းလုံးညီညွတ်သောအစိုးရတစ်ရပ်ဖွဲ့စည်းရာတွင် ပူးပေါင်းပါဝင်ရန် အတိုက်အခံများကို မာလီဝန်ကြီးချုပ် တိုက်တွန်း

**ဘာမာကို ဇူလိုင် ၂၉**

မာလီဝန်ကြီးချုပ် ဘူဘူစစ်ဆီက စည်းလုံးညီညွတ်သော အစိုးရတစ်ရပ်ဖြင့် နိုင်ငံ၏ နှစ်ပေါင်းများစွာအမြစ်တွယ်နေသောနိုင်ငံရေးအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်း နိုင်ရေးသည် မိမိမျှော်လင့်စောင့်ဆိုင်းနေသော ပြင်းပြသည့်ဆန္ဒပင်ဖြစ်ကြောင်း ဆန္ဒပြနေသူများအား ယမန်နေ့က ပြောကြားလိုက်သည်။

ဆွေးနွေးဖက်အဖွဲ့များ ပါဝင်ဆွေးနွေးနိုင်သည့် စကားဝိုင်းဆွေးနွေးပွဲကို ကမ်းလှမ်းရန် မျှော်လင့်ထားကြောင်း၊ ၎င်းတို့အနေဖြင့် ပါဝင်ဆွေးနွေးရုံတင်မဟုတ်ဘဲ လက်ခံကျင့်သုံးနိုင်ရေးကိုပါ ရည်မှန်းထားကြောင်း ဝန်ကြီးချုပ် စစ်ဆီက ဇွန် ၅ ရက် လှုပ်ရှားမှုကို ရည်ရွယ်ပြီး ပြောကြားလိုက်သည်။

ဇူလိုင် ၂၇ ရက်က အနောက်အာဖရိခေါင်းဆောင်များ ဒေသတွင်း ၁၅ နိုင်ငံအဖွဲ့ (အီကိုဝက်)သည် အစိုးရနှင့် သဘောထားကွဲလွဲဆန့်ကျင်သူများပါဝင်သည့် စည်းလုံးညီညွတ်သောအစိုးရတစ်ရပ်ဖွဲ့စည်းရန် အဆိုပြုချက်ကို ဆွေးနွေးခဲ့ကြသည်။

သို့သော်လည်း အတိုက်အခံခေါင်းဆောင် အီမန်မာမွတ်ဒစ်ကို ဦးဆောင်သော ဇွန် ၅ ရက် လှုပ်ရှားမှုကမူ လက်ရှိသမ္မတ အီဘရာဟင်ဘိုဘာကာ ကီတာကို နုတ်ထွက်ရန် ထပ်ကာ တလဲလဲ တောင်းဆိုခဲ့ကြသည်။

စည်းလုံးညီညွတ်သောအစိုးရ တစ်ရပ်ဖွဲ့စည်းနိုင်ရေး လက်ရှိသမ္မတ ကီတာဖွဲ့စည်းပေးထားသော အမာခံဝန်ကြီးခြောက်ဦးနှင့် ပထမဆုံးအကြိမ်ဆွေးနွေးမှု ပြုလုပ်ပြီးနောက် ဝန်ကြီးချုပ်စစ်ဆီက အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ရေး ချဉ်းကပ်မှုများကို ပြုလုပ်ခဲ့သည်။

ကီတာ၏ သမ္မတသက်တမ်းခုနစ်နှစ်အတွင်း ၎င်း၏ လုပ်ဆောင်ချက်များကို သဘောမကျသည့်အတွက် ပေါ်ပေါက်လာခဲ့သော ရက်သတ္တပတ်အတော်ကြာဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုများကြောင့် အနောက်အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သော မာလီနိုင်ငံသည် အကျပ်အတည်းကြားမှ ရုန်းမထွက်နိုင် ဖြစ်နေသည်။

သမ္မတကီတာသည် ပျက်သုဉ်းလုနီးပါး ဖြစ်နေသော စီးပွားရေးကို ပြန်လည်နာလန်ထူအောင်ကြိုးစားရန်းကန်နေရသလို ဂျီဟတ်များ၏ ထကြွသောင်းကျန်းမှုများကိုလည်း နှိမ်နင်းရန် ကြိုးစားနေရသည်။ မာလီနိုင်ငံတွင် စီးပွားရေးပြိုလဲလုနီးနီးဖြစ်နေမှုနှင့် ဂျီဟတ်တို့၏ ထကြွသောင်းကျန်းမှုများကြောင့် အသက်ပေါင်းများစွာသေဆုံးခဲ့ကြပြီး လူပေါင်းရာထောင်ချီ၍ ၎င်းတို့၏နေအိမ်များကို စွန့်ခွာထွက်ပြေးနေကြရသည်။

**အေအက်ဖ်ပီ**



မာလီအတိုက်အခံခေါင်းဆောင် အီမန်မာမွတ်ဒစ်ကိုက ၎င်းကိုထောက်ခံသူများအား မိန့်ခွန်းပြောနေစဉ်။

# တိုကျိုတွင် ကိုဗစ် - ၁၉ ထပ်မံကူးစက်ခံရသူ ၂၅၀ ရှိလာမှုနှင့်အတူ တစ်နိုင်ငံလုံး ရောဂါကူးစက်မှုမြင့်တက်လာမည်ကို စိုးရိမ်

**တိုကျို ဇူလိုင် ၂၉**

တိုကျိုအစိုးရက တိုကျိုတွင် ကိုဗစ် - ၁၉ ထပ်မံကူးစက်ခံရသူ ၂၅၀ ရှိလာကြောင်း ဇူလိုင် ၂၉ ရက်က ပြောကြားလိုက်သည်။

ကိုဗစ် - ၁၉ ကူးစက်ခံရသူပေါင်း နှစ်ရက်ဆက်တိုက် ၂၀၀ ကျော်လာခဲ့ပြီး ၂၁ ရက် ဆက်တိုက် ကိုဗစ် - ၁၉ ကူးစက်ခံရသူပေါင်း ၁၀၀ ကျော်ရှိကြောင်း မှတ်တမ်းတင်ခဲ့သည်။

ကိုဗစ် - ၁၉ ကူးစက်ခံရမှုတွင် အသက် ၁၀ နှစ်အောက်ကလေးငယ်များလည်း ပါဝင်ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောကြားလိုက်သည်။

ထို့အတူ အသက် ၉၀ ကျော်အရွယ် ကိုဗစ် - ၁၉ ကူးစက်ခံရသူများလည်းရှိသည်။ အသက် ၂၀ ကျော်နှင့် ၃၀ ကျော်အရွယ် ကိုဗစ် - ၁၉ ကူးစက်ခံရသူပေါင်း ၆၄ ရာခိုင်နှုန်းခန့် ရှိသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကိုဗစ် - ၁၉ အတည်ပြုကူးစက်လူနာပေါင်း ၁၁၈၆၁ ဦးရှိသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့သည် ကိုဗစ် - ၁၉ ဖြစ်ပွားသည့် ဗဟိုချက်မနေရာတစ်ခုဖြစ်လာခဲ့သည်။ ထို့အတူ ဂျပန်နိုင်ငံတစ်ဝန်းတွင်လည်း ကိုဗစ် - ၁၉ ကူးစက်မှုမြင့်တက်လာမည်ကို စိုးရိမ်လျက်ရှိကြသည်။

သက်ဆိုင်ရာအာဏာပိုင်များက လူမှုဝေးကွာစေရန် လိုက်နာရမည့်စည်းကမ်းသစ်များကို ထုတ်ပြန်ထားသလို ကိုဗစ် - ၁၉ တားဆီးမှုများ မပြုလုပ်ထားသည့် စီးပွားရေးလုပ်ငန်းများကိုလည်း စည်းမျဉ်း စည်းကမ်းများဖြင့် ကြပ်မတ်မှုများလုပ်ဆောင်ရန် တိုက်တွန်းထားသည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**



ကိုဗစ် - ၁၉ တိုက်ဖျက်ရေးဆိုင်ရာ အကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်နေသော အိန္ဒိယနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး အီမန်နျူရယ် လီနင်။

# ပြင်သစ်က အိန္ဒိယနိုင်ငံ၏ ကိုဗစ် - ၁၉ တိုက်ဖျက်မှုများတွင် ကူညီ

**နယူးဒေလီ ဇူလိုင် ၂၉**

အိန္ဒိယနိုင်ငံတွင် ကူးစက်ဖြစ်ပွားနေသော ကိုဗစ် - ၁၉ ကပ်ရောဂါကို တိုက်ဖျက်ရာတွင် ကူညီရန် ပြင်သစ်လေတပ်မှ ဂျက်လေယာဉ်တစ်စင်းသည် အသက်ရှူအထောက်အကူပြုကိရိယာများနှင့် ကိုဗစ်-၁၉ စစ်ဆေးပေးသည့်ပစ္စည်းကိရိယာထောင်ပေါင်းများစွာတို့ကို အိန္ဒိယနိုင်ငံသို့ ပို့ဆောင်ခဲ့သည်။ အိန္ဒိယနိုင်ငံ၌ လတ်တလောတွင် ကိုဗစ် - ၁၉ ကူးစက်မှု မြင့်တက်နေကြောင်း သိရသည်။

အဆိုပါ ကိုဗစ် - ၁၉ ကူညီရေးပစ္စည်းများကို နယူးဒေလီရှိ စစ်ဘက်ဆိုင်ရာလေဆိပ်၌ အိန္ဒိယကြက်ခြေနီတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့သည်။

အိန္ဒိယနိုင်ငံတွင် လူပေါင်း ၁ ဒသမ ၅ သန်းကျော် ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားနေပြီး ၃၅၀၀၀ နီးပါးခန့် သေဆုံးခဲ့သည်။

နေ့စဉ် ကိုဗစ် - ၁၉ ကူးစက်ခံနေရသူ ၅၀၀၀၀ ခန့်ရှိသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ် - ၁၉ ကူးစက်ပြန့်ပွားမှုအမြန်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဘရာဇီးပြီးလျှင် ကိုဗစ် - ၁၉ ကူးစက်ခံရမှုအများဆုံးနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်သည်။

လျှုဒါန်းမှုနှင့် ပတ်သက်ပြီး ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က နိုင်ငံတကာဆေးပစ္စည်းရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့နေသည့်အချိန်၌ပင်လျှင် ပြင်သစ်နိုင်ငံ၏ ကိုဗစ် - ၁၉ တိုက်ဖျက်ရာတွင် ကူညီရန် ဧပြီလအစောပိုင်းက ဆေးပစ္စည်းများကို ပေးပို့ခဲ့သည့် အိန္ဒိယကိုလေးစားပါကြောင်း၊ ပြင်သစ်နိုင်ငံအနေဖြင့် ယခုနှစ်နွေဦးရာသီအစောပိုင်းတွင် ကိုဗစ် - ၁၉ အကျပ်အတည်းနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်အချိန်တွင် အိန္ဒိယနိုင်ငံသည် ပြင်သစ်နိုင်ငံဘက်က ရပ်တည်ပေးခဲ့ကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီထံ ပေးပို့သောစာတွင် မက်ခရွန်က ရေးသားဖော်ပြလိုက်သည်။

ထို့အပြင် အိန္ဒိယနိုင်ငံက ပေးပို့လိုက်သော ဆေးပစ္စည်းများသည် တကယ့်ဖျားနာနေသူများကို ကုသရာတွင် မရှိမဖြစ်အရေးပါခဲ့ကြောင်း မက်ခရွန်က ဆက်လက်ရေးသားဖော်ပြထားသည်။

**အေအက်ဖ်ပီ**




တိုကျိုမြို့ရှိ အစည်းအဝေးတစ်ခုတွင် ဗိုင်းရပ်စ်ကူးစက်သတိပေးမှုစာတန်းကို ကိုင်မြှောက်ပြနေသော တိုကျိုအုပ်ချုပ်ရေးမှူး ယူရီကို ကိုအီခဲကို တွေ့ရစဉ်။

# ရုရှားနိုင်ငံတွင် ဖိုက်ဂျီကွန်ရက်ကို တွင်တွင်ကျယ်ကျယ်အသုံးပြုနိုင်တော့မည်

**မော်စကို ဇူလိုင် ၂၉**

ရုရှားနိုင်ငံ မိုဘိုင်းဆက်သွယ်ရေးစနစ်ကုမ္ပဏီက ၎င်းတို့ကုမ္ပဏီသည် ဖိုက်ဂျီလုပ်ငန်းလိုင်စင်ရရှိခဲ့ကြောင်း ဇူလိုင် ၂၈ ရက်က ပြောကြားလိုက်ပြီး ဖိုက်ဂျီကွန်ရက်ကို တွင်တွင်ကျယ်ကျယ်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

လုပ်ငန်းလိုင်စင်ကို ရုရှားနိုင်ငံ ဆက်သွယ်ရေးနည်းပညာနှင့် အများပြည်သူမီဒီယာကြီးကြပ်မှုဌာနမှ ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါကုမ္ပဏီအနေဖြင့် ၂၀၂၅ ခုနှစ် ဇူလိုင်လအထိ ရုရှားနိုင်ငံအတွင်း ဒေသ ၈၃ ခုတွင် ဖိုက်ဂျီကွန်ရက် စတင်လုပ်ကိုင်နိုင်တော့မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကုမ္ပဏီအနေဖြင့် ဖိုက်ဂျီကွန်ရက်စမ်းသပ်မှုများကို လုပ်ဆောင်နေပြီး မကြာမီတွင် လုပ်ငန်းကုမ္ပဏီများသို့ ဖိုက်ဂျီဆက်သွယ်ရေးဝန်ဆောင်မှုပေးသွားတော့မည်ဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီအကြီးအကဲက ၎င်းတို့ကုမ္ပဏီမှ ထောက်ပံ့ပေးသည့် ဖိုက်ဂျီဆက်သွယ်ရေးလိုင်းသည် လုပ်ငန်းကုမ္ပဏီများအတွက် အေအိုင်နည်းပညာအသုံးပြုရန် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ကုန်စည်ဆက်သွယ်ရေးကွန်ရက်နှင့် စက်မှုလုပ်ငန်းအလိုအလျောက်လည်ပတ်မှုစသော နည်းပညာသစ်များအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုကို ထိရောက်စွာ မြှင့်တင်ပေးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထို့အပြင် ဖိုက်ဂျီနည်းပညာသည် ရုရှားနိုင်ငံတွင် ပိုမိုတွင်ကျယ်စွာအသုံးပြုလာကြမည်ဖြစ်ကြောင်းနှင့် ရုရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် တွန်းအားပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်မတိုင်မီ ရုရှားနိုင်ငံတွင် လူပေါင်းတစ်သန်းအထက်ရှိသော မြို့ကြီးတိုင်းတွင် ဖိုက်ဂျီကွန်ရက်အသုံးပြုရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံအစိုးရ၏ ထုတ်ပြန်ချက်များအရ သိရသည်။ **ဆင်ဟွာ**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## Covid အလွန်ကမ္ဘာ



"Covid အလွန်ကမ္ဘာ" ဆိုတဲ့ အသုံးအနှုန်းက အတော်ကျယ်ပြန့်လာပါတယ်။ ၂၀၁၉ ခုနှစ်ကုန်အထိ သိခဲ့ကြတဲ့ ကမ္ဘာကြီးပုံစံ ပြန်လည်မဖြစ်နိုင်တော့ဘူးဆိုတဲ့ အဓိပ္ပာယ်လား။ ထိရောက်တဲ့ ကာကွယ်ဆေးကို သုံးစွဲနိုင်တဲ့အခါမှာတောင် အရင်လို ပြန်မဖြစ်နိုင်ဘူးလား။ ဘာတွေက ပြန်မပြောင်းနိုင် ဖြစ်နေမှာလဲ။

အင်မတန်ပြင်းထန်တဲ့ အတွေ့အကြုံတွေကြောင့် လူတွေ၊ နိုင်ငံတွေ၊ ကမ္ဘာကြီးတစ်ခုလုံး၊ ပြန်လှန်လို့ မရနိုင်လောက်အောင် အကြီးအကျယ် ပြောင်းလဲခဲ့တာတွေ ရှိပါတယ်။ ကျွန်မတို့နိုင်ငံသမိုင်းကို ကြည့်ရင်ပဲ တွေ့နိုင်ပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ကြည့်မယ်ဆိုရင် (၂၀) ရာစုနှစ်အတွင်းမှာကို ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်၊ စစ်အေးခေတ်၊ စစ်အေးလွန်ခေတ်၊ ဆက်သွယ်ရေးနည်းပညာတော်လှန်ရေးခေတ်တို့ကို မြင်နိုင်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၏ ၂၂-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး နေပြည်တော်ကောင်စီနယ်မြေပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၉

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "နိုင်ငံတိုးတက်ရေးအတွက် မိမိတို့ လူငယ်တွေ ပညာလမ်း ဆက်လျှောက်နိုင်ဖို့ ခြေလှမ်းတွေ မပျက်အောင် ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ မိဘ၊ အစိုးရအားလုံး ဝိုင်းပြီးရုန်းရမယ့်အချိန်ပါ၊ အင်အားတွေ ဖြည့်ကြပါ၊ ကမ္ဘာ့ပညာရေး အဆင့်မြင့်ဆုံး နိုင်ငံအချို့မှာလို မိမိတို့နိုင်ငံမှာလည်း အစိုးရကျောင်းတွေက အကောင်းဆုံးပညာသင်ပေးနိုင်တဲ့ အခြေအနေကိုရောက်ရှိစေချင်ကြောင်း" ဟု လမ်းညွှန်မှာကြားထားပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသားကျောင်းသူများ ကျန်းမာရေးနှင့် ညီညွတ်၍ လုံခြုံဘေးကင်းပြီး သင်ယူမှု မဆုံးရှုံးစေရေးအတွက် အလေးထားစီမံဖြေရှင်းဖြည့်ဆည်း ဆောင်ရွက်ပေးနေပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းများအားလုံးတွင် လုံခြုံဘေးကင်းရေး၊ ကျောင်းထွက်မှု အနည်းဆုံးဖြစ်ရေး၊ သင်ယူတတ်မြောက်မှု ပြန်လည်ကောင်းမွန်လာရေးတို့ကို စဉ်ဆက်မပြတ် အဆင့်ဆင့် စီမံကြီးကြပ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

### အကဲဖြတ်ဆောင်ရွက်လျက်ရှိ

၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်တားဆီးရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်ပြီး လုံခြုံဘေးကင်းသည့် အခြေခံပညာ အထက်တန်း အဆင့်သင်ကျောင်းများ ဖွင့်လှစ်နိုင်ရေး ဇူလိုင် ၁၇ ရက်မှစ၍ ဆက်စပ်ဦးစီးဌာနများနှင့် ပူးပေါင်း၍ ကော်မတီများဖွဲ့စည်းပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်း ဆန်းစစ်ပုံစံ (Check List) များဖြင့် ဆန်းစစ်စိစစ် အကဲဖြတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

### စုစုပေါင်း ၃၉၉၉ ကျောင်းရှိ

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတွင် စာရင်းရှိအခြေခံပညာ အထက်တန်းအဆင့်ကျောင်း စုစုပေါင်း ၇၁၇၃ ကျောင်းရှိသည့်အနက် ဇူလိုင် ၂၀ ရက်တွင် ကျောင်းပြန်လည်ဖွင့်လှစ်ရန် အဆင်သင့် (A အဆင့်)ဖြစ်ခဲ့သဖြင့် ဇူလိုင် ၂၁ ရက်၌ စတင်ဖွင့်လှစ်ခဲ့သည့် ကျောင်း စုစုပေါင်း ၃၇၇၂ ကျောင်း၊ ဇူလိုင် ၂၁ ရက်တွင် ထပ်မံအဆင်သင့် (A အဆင့်)ဖြစ်သည့် ကျောင်း ၂၂၇ ကျောင်းဖြစ်သဖြင့် ဇူလိုင် ၂၂ ရက်မှစ၍ ဖွင့်လှစ်လျက်ရှိသည့်ကျောင်း စုစုပေါင်း ၃၉၉၉ ကျောင်း ရှိပါကြောင်း။

ကိုဗစ်-၁၉ ကူးစက်မြန် ကမ္ဘာ့ကပ်ရောဂါကြောင့် ပိုမိုထောက်ပံ့ပေးရန် လိုအပ်လာပါသဖြင့် ယခု ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် အထက်တန်းကျောင်းသား ကျောင်းသူအားလုံးတို့ကို ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံနှစ်ချောင်း၊ ဘောပင်နှစ်ချောင်းစီ အခမဲ့ဖြန့်ဝေရန်လည်း စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသားဦးရေ စုစုပေါင်း ၁ ဒသမ ၁ သန်းဝန်းကျင်ရှိပြီး တစ်ပတ်ခြား ကျောင်းတက်ရခြင်းဖြစ်သဖြင့် နေ့စဉ်ကျောင်းတက်သည့် ကျောင်းသားဦးရေမှာ ခြောက်သိန်း ဝန်းကျင်ရှိပါကြောင်း။

(B အဆင့်) နှင့် (C အဆင့်) တို့အား ထပ်မံဆန်းစစ်စိစစ် အကဲဖြတ်ခဲ့ရာတွင် ဇူလိုင် ၂၃ ရက်၌ အဆင်သင့် (A အဆင့်) ဖြစ်သည့် ကျောင်း ၁၁၄၀ ကျောင်းရှိပါကြောင်း၊ ဇူလိုင် ၂၇ ရက်၌ အဆင်သင့် (A အဆင့်) ဖြစ်သည့် ကျောင်း ၂၄၅ ကျောင်းတို့၏ ဇူလိုင် ၂၇ ရက်၌ ထိုကျောင်းအမည်စာရင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ပူးတွဲပေးပို့၍ ပေါင်းစပ်စိစစ်အကဲဖြတ် အတည်ပြုနိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

### တိကျစွာလိုက်နာ

(B အဆင့်) နှင့် (C အဆင့်) တို့အား ထပ်မံဆန်းစစ် စိစစ်အကဲဖြတ်ခဲ့ရာတွင် အဆင်သင့်(A အဆင့်) ဖြစ်သည့် ကျောင်း ၁၃၈၅ ကျောင်း ရှိပါကြောင်း၊ ကျန်ရှိနေသော (B အဆင့်) နှင့် (C အဆင့်)ကျောင်းများကိုလည်း အမြန်ဆုံးပေါင်းစပ် ဖြည့်ဆည်းပေးရန်နှင့် ပြန်လည်ဖွင့်လှစ်ခွင့်ပြုချက်ရရှိရေးအတွက် စစ်ဆေးအကဲဖြတ်၍ ပြန်လည်တင်ပြရန် အလေးထားဆောင်ရွက်စေလိုပါကြောင်း၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းပြုစုထားသော COVID-19 ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေး ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့်အချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အဆင်သင့်ဖြစ်၍ ပြန်လည်ဖွင့်လှစ်သော ကျောင်းများအားလုံးတို့တွင်လည်း နေ့စဉ် SOP, ညွှန်ကြားချက်များ တိကျစွာ ဆက်လက်လိုက်နာရန်၊ ကျောင်းအဆင့် ကြီးကြပ်ဆန်းစစ်ရေးအဖွဲ့များ ဖွဲ့စည်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ် တားဆီးရေးလုပ်ငန်း ဆန်းစစ်ပုံစံ (Check List) များဖြင့် နေ့စဉ်ကြီးကြပ်ဆန်းစစ်ရန်၊ ဆန်းစစ်တွေ့ရှိချက်များ ပေါ်မူတည်၍ လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းနိုင်ရေး ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရန်၊ ကျောင်းချိန်အတွင်း ကိုယ်ပူချိန် မြင့်မားခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း စသည့် သံသယလက္ခဏာများ တွေ့ရှိသူ ပေါ်ပေါက်လာပါက လမ်းညွှန်ချက်များနှင့်အညီ တာဝန်ယူဆောင်ရွက်ပေးရန်၊ ကျောင်းအလိုက် ဖျားနာသူ (ဆရာ၊ဆရာမ၊ကျောင်းသား၊ ကျောင်းသူ၊ ဝန်ထမ်း)မရှိပါက မရှိကြောင်း (Zero Reporting) အား ကျောင်းဆင်းချိန်တွင် သက်ဆိုင်ရာ ကျန်းမာရေးဌာနနှင့် မြို့နယ်ကြီးကြပ်ဆန်းစစ်အဖွဲ့သို့ နေ့စဉ်ပေးပို့ရန်၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့လည်းကောင်း၊ အထက်အဆင့်ဆင့်သို့လည်းကောင်း အချိန်နှင့် တစ်ပြေးညီ တင်ပြရန်၊ ဆန်းစစ်တွေ့ရှိချက်များကို အဖွဲ့မှ နေ့စဉ်၊ အပတ်စဉ်ပြန်လည်သုံးသပ်၍ မြို့နယ်အဆင့် ကြီးကြပ်ဆန်းစစ်ရေးအဖွဲ့သို့ အပတ်စဉ်ပုံမှန်တင်ပြရန်၊ မြို့နယ်အဆင့် ကြီးကြပ်ဆန်းစစ်ရေးအဖွဲ့၊ မြို့နယ်အတွင်းရှိ ကျောင်းများသို့ လှည့်လည်ကြီးကြပ် ဆန်းစစ်နိုင်မည့် အဖွဲ့ငယ်များ၊ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကြီးကြပ်ဆန်းစစ်ရေးအဖွဲ့၊ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ လှည့်လည်ကြီးကြပ် ဆန်းစစ်နိုင်မည့် အဖွဲ့ငယ်များဖွဲ့စည်း၍ နေ့စဉ် ညနေတိုင်း အဆင့်ဆင့်ပေးပို့တင်ပြရန်၊ ဝန်ကြီးရုံးမှ ဖွဲ့စည်းနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ အခက်အခဲ၊ ပြဿနာများ ပူးပေါင်းဖြေရှင်းရန် လိုပါကြောင်း။

ကိုဗစ်-၁၉ ကူးစက်မြန် ကမ္ဘာ့ကပ်ရောဂါ၏အခြေအနေအရ အထက်တန်းအဆင့် ကျောင်းဖွင့်လှစ်ရာတွင်

*စာမျက်နှာ ၁၆ သို့*

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၉-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၂၈-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၆၆)ခုတွင်-
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁) ဦးတွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၂၉-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၁)ဦး ရှိပြီဖြစ်ပါသည်။

၃။ (၂၈-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၅၈၃) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၆၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၂) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၂) ခု
- စုစုပေါင်း (၁,၁၈၄) ခုအား စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၂၉-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၂၈-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၂၆၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂၉-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၃၅၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၂၉၃) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၂၈-၇-၂၀၂၀) ရက်နေ့ COVID-19 ဓာတ်ခွဲစစ်ဆေးမှုများတွင် ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု
(၂၉-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှုခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 351 | ၃၁ နှစ် | ကျား | ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကရင်ပြည်နယ် | မရှိ | ရှိ (မလေးရှား) | ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကြာအင်းဆိပ်ကြီးမြို့နယ်) |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၉-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၂၉-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ(၆၅၂)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၇၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၄၃) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၈၈) ခု၊
- စုစုပေါင်း (၁,၁၆၀)ခုအား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ (၂၉-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၃၅၁) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁)ဦး (Case- 339) ရှိသဖြင့် စုစုပေါင်း (၂၉၄) ဦး ရှိပါသည်။ ၎င်းတို့အနက် (၂၇၉) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၈-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၉-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၄) ဦးရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂၉-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၂၉-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၅၂) ခု |
| (၂၉-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၇) ခု |
| (၂၉-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၃) ခု |
| (၂၉-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂၉-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၅၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၂၉၄) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

*စာမျက်နှာ ၁၅ မှ*

တွေ့ကြုံရမည့် လိုအပ်ချက်၊ အားနည်းချက်များကို ပြင်ဆင်ပြီးမှသာ အလယ်တန်းနှင့် မူလတန်းများအား တစ်ဆင့်ချင်းစီ ဆက်လက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နောက်ဆုံးဖွင့်လှစ်သည့် အထက်တန်းကျောင်းဖွင့်သည့်ရက်မှ တစ်လအကြာတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု မရှိမှသာ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းများ ဖွင့်လှစ်ရန် လျာထားပါကြောင်း၊ နောက်ဆုံးဖွင့်လှစ်သည့် အထက်တန်းအဆင့် ကျောင်းဖွင့်သည့်ရက်မှ ရက်သတ္တပတ် သုံးပတ်အတွင်း အခြေခံပညာ အလယ်တန်းအဆင့် ဖွင့်လှစ်ရန် သတ်မှတ်သော ကျောင်းများအား ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက Check list ၈၀ ချက်နှင့် ကိုက်ညီခြင်း ရှိ/မရှိ စစ်ဆေးသွားရန်နှင့် စစ်ဆေးတွေ့ရှိချက်အား တင်ပြရမည်ဖြစ်သောကြောင့် ကြိုတင်ပြင်ဆင်ထားကြရမည် ဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများ ပညာသင်ယူမှု အခွင့်အလမ်း မဆုံးရှုံးစေရေးအတွက် စုပေါင်းအားဖြင့် ဆက်လက်၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းတို့က ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေး ဆောင်ရွက်ခြင်း၊ သင်ကြားသင်ယူမှု ဆောင်ရွက်ခြင်းများနှင့် ပတ်သက်၍ စဉ်ဆက်မပြတ် အဆင့်ဆင့် စီမံကြီးကြပ်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် -၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိ စုစုပေါင်း ၃၅၁ ဦးရှိသွားပြီ

နေပြည်တော် ဇူလိုင် ၂၉

ယနေ့တွင် ကိုဗစ်–၁၉ ရောဂါပိုးရှိသူ တစ်ဦးထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၃၅၁ ဦး ရှိပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူ တစ်ဦးမှာ မလေးရှားနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူဖြစ်ကြောင်း၊ ရောဂါပိုး တွေ့ရှိသူ ၃၅၁ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၂၉၄ ဦးရှိပြီး ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၇၉ ဦးရှိကြောင်းနှင့် ဇူလိုင် ၂၈ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၂၉ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၄ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၁၂၃၈၁ | ၃၅၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၉၄ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၇၁၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၇၉ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၇ | ၅ |
| ၂ | ရခိုင် | ၁၆ | |
| ၃ | ချင်း | ၁၄ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၃၅၁ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၉-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၂၉-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၅၀၀၁၃၀ | ၂၁၈၉၅၉၂ | ၁၅၂၃၈၈ |
| ၂။ | ဘရာဇီး | ၂၄၈၄၆၄၉ | ၁၇၂၁၅၆၀ | ၈၈၆၃၄ |
| ၃။ | အိန္ဒိယ | ၁၅၅၈၄၄၇ | ၉၉၉၃၁၈ | ၃၄၄၈၅ |
| ၄။ | ရုရှား | ၈၂၈၉၉၀ | ၆၂၀၃၃၃ | ၁၃၆၇၃ |
| ၅။ | တောင်အာဖရိက | ၄၅၉၇၆၁ | ၂၈၇၃၁၃ | ၇၂၅၇ |
| ၆။ | မက္ကဆီကို | ၄၀၂၆၉၇ | ၂၆၁၄၅၇ | ၄၄၈၇၆ |
| ၇။ | ပီရူး | ၃၉၅၀၀၅ | ၂၇၆၄၅၂ | ၁၈၆၁၂ |
| ၈။ | ချီလီ | ၃၄၉၈၀၀ | ၃၂၂၃၃၂ | ၉၂၄၀ |
| ၉။ | စပိန် | ၃၂၇၆၉၀ | စိစစ်ဆဲ | ၂၈၄၃၆ |
| ၁၀။ | ဗြိတိန် | ၃၀၀၆၉၂ | စိစစ်ဆဲ | ၄၅၈၇၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၉-၇-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၀၄၄၃၂ | ၆၂၁၃၈ | ၄၉၇၅ |
| ဖိလစ်ပိုင် | ၈၅၄၈၆ | ၂၆၉၉၆ | ၁၉၆၂ |
| စင်ကာပူ | ၅၁၅၃၁ | ၄၅၈၉၃ | ၂၇ |
| မလေးရှား | ၈၉၅၆ | ၈၆၁၂ | ၁၂၄ |
| ထိုင်း | ၃၂၉၈ | ၃၁၁၁ | ၅၈ |
| ဗီယက်နမ် | ၄၅၀ | ၃၆၉ | ၀ |
| မြန်မာ | ၃၅၁ | ၂၉၄ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၂၂၆ | ၁၄၇ | ၀ |
| လာအို | ၂၀ | ၁၉ | ၁ |

## မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၁၆ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇူလိုင် ၂၉

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၁၆ ဦးသည် မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက် ဝင်ရောက်လာခဲ့ကြောင်း သိရသည်။




ပြန်လည် ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေး စစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀ ၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၂၉ ရက်အထိ ၁၇၉၈၀ စုစုပေါင်း ၅၄၉၉၈ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၀၄ ဦး၊ အမျိုးသမီး ၁၁၂ ဦး စုစုပေါင်း ၃၁၆ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေး စခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## အမိန့်အမှတ် ၇၉/၂၀၂၀
## ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်
## (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019– COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ၁၆–၄–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၃၇/၂၀၂၀ နှင့် ၂၈–၅–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၅၆/၂၀၂၀ တို့ဖြင့် ခြွင်းချက်ပြုဖော်ပြထားသောကိစ္စရပ်များမှအပ လူ ၅ ဦးဖြစ်စေ၊ လူ ၅ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ယခုအခါ COVID–19 ရောဂါ၏ လက်ရှိဖြစ်ပွားမှုအခြေအနေအရ (၁–၈–၂၀၂၀) ရက်မှစ၍ အဆိုပါအမိန့်များတွင် ဖော်ပြထားသောကိစ္စရပ်များမှ အပ လူ ၅ ဦးအစား လူ ၁၅ ဦးဖြစ်စေ၊ လူ ၁၅ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ပြင်ဆင်ထုတ်ပြန်လိုက်သည်။

၃။ COVID–19 နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ပါက ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်သည်။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

# 2020 Extraordinary ASEAN-China Social Development and Poverty Eradication Forum ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာဆင်းရဲမှု လျှော့ချရေးဗဟိုဌာန (IPRCC) က ဦးဆောင်ကျင်းပသည့် 2020 Extraordinary ASEAN–China Social Development and Poverty Eradication Forum ကို ယနေ့ နံနက် ၈ နာရီခွဲက Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် Leading Group Office of Poverty Alleviation and Development (LGOP) မှ Director General Ms.Su Guoxia နှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ် H.E. Kung Phoak တို့က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနိုင်များမှ အဆင့်မြင့်အရာရှိကြီးများက ကိုဗစ်–၁၉ ကာလအတွင်း နိုင်ငံအလိုက် တုံ့ပြန်ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ (SOMRDPE) အလှည့်ကျဥက္ကဋ္ဌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်–၁၉ တုံ့ပြန်ဆောင်ရွက်မှု အခြေအနေများနှင့် ဆင်းရဲမှုလျှော့ချရေး အတွေ့အကြုံများနှင့် COVID–19 Economic Relief Plan (CERP) ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများအား ဆွေးနွေးပြီး SOMRDPE Myanmar အနေဖြင့် ကိုဗစ်–၁၉ ကာလအတွင်း Cash for Work Program နှင့် Village Revolving Fund Program များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ Program များ ဆောင်ရွက်ခြင်းဖြင့် COVID–19 ကြောင့် ထိခိုက်နစ်နာသူများအား အကျိုးခံစားရစေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



ထို့နောက် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် China– ASEAN Center ၊ UNDP ၊ UNICEF ၊FAO ၊ IFAD ၊ WFP ၊ World Bank နှင့် Asian Development Bank(ADB) မှ ကိုယ်စားလှယ်များက 2020 Extraordinary ASEAN–China Social Development and Poverty Eradication Forum ကို ဝင်ရောက်ဆွေးနွေးပြောကြားပြီး ကမ္ဘောဒီးယားနိုင်ငံ Ministry of Rural Development မှ Secretary of State H.E Chivoan SAO နှင့် တရုတ်နိုင်ငံ International Poverty Reduction Center in China (IPRCC)မှ Deputy Director General Dr. TAN Weiping တို့က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ 2020 Extraordinary ASEAN–China Social Development and Poverty Eradication Forum ကို အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံ LGOP ၊ IPRRC နှင့် the Mission of P.R China to ASEAN မှ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် China– ASEAN Center ၊ UNDP ၊ UNICEF ၊ FAO ၊ IFAD ၊ WFP ၊ World Bank နှင့် Asian Development Bank(ADB) မှ ကိုယ်စားလှယ်များ စုစုပေါင်း ၄၅ ဦးခန့် တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာသံရုံးဝန်ထမ်းမိသားစုက ငွေကျပ် ၃၅ သိန်းတန်ဖိုးရှိ Patient Monitor ပေးအပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၉**

နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) သို့ The Asia–Pacific Ladies Friendship Society (ALFS) နှင့် မြန်မာသံရုံး တိုကျိုမြို့ သံအမတ်ကြီး ဦးမြင့်သူနှင့် သံရုံးဝန်ထမ်း မိသားစုများက ငွေကျပ် ၃၅ သိန်း တန်ဖိုးရှိ Patient Monitor ကို ယနေ့တွင် ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး (ပူးတွဲတာဝန်)/ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်းအေးက အဖွင့်အမှာစကားပြောကြားသည်။




ထို့နောက် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုက လှူဒါန်းရသည့် အကြောင်းရင်းနှင့် ပတ်သက်၍ ပြောကြားပြီး Patient Monitorအား လှူဒါန်းရာ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ တာဝန်ရှိသူများက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ပါမောက္ခ ဒေါက်တာရဲသူရိန် (ဦးနှောက်နှင့် အာရုံကြောခွဲစိတ်) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေး ကုစားမှုအစီအစဉ်အရ လယ်ဝေးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ မိုးစပါးစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေး

**လယ်ဝေး ဇူလိုင် ၂၉**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ကိုဗစ်–၁၉ ကာလအတွင်း စီးပွားရေး ကုစားမှုအစီအစဉ်အရ လယ်ဝေးမြို့နယ် ကြို့တန်းကျေးရွာနှင့် မြောင်းမြကျေးရွာတို့တွင် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ကာ လုပ်ကွက်ငယ်တောင်သူ ၅၃ ဦး၏ ဧက ၁၀၀ မိုးစပါး စိုက်ပျိုးခြင်းလုပ်ငန်းများအား အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စနစ်ကျ လယ်ယာမြေ ဧက ၁၀၀ တွင် မိုးစပါး စိုက်ပျိုးခြင်းကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန်အတွက် ပျိုးထောင်ခြင်း၊ ပျိုးသယ်ခြင်းနှင့် ကြားပေါင်းလိုက်ခြင်း လုပ်ငန်းများအား ကျေးရွာအတွင်းရှိ စီးပွားရေးနှင့် လူမှုရေး ထိခိုက်မှုရှိသည့် အိမ်ထောင်စု ၃၁၅ စု၊ လူဦးရေ ၁၄၄၀ ဦးမှ အကျိုးပြုသည့် အိမ်ထောင်စု ၂၁၅ စု၊ လူဦးရေ ၈၆၀ တို့အား ဝင်ရောက်လုပ်ကိုင်စေပြီး Cash For Work အစီအစဉ်ဖြင့် နေ့ချင်းလုပ်အားခပေးချေလျက်ရှိကြောင်း စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးစန်းမျိုးထက်က ပြောကြားသည်။ **မောင်မွေး**





## ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းလုပ်ငန်းမှ ဒေသခံများ ဝင်ငွေတိုး

**နေပြည်တော် ဇူလိုင် ၂၉**

ကိုဗစ်–၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ ပျဉ်းမနားမြို့နယ် ပေါစံခေါကျေးရွာ စနစ်ကျလယ်ယာမြေ ၃၀၃ ကေကွင်း၌ ၂၀၁၉–၂၀၂၀ မိုးစပါး ဧက ၁၀၀ အား စက်မှုလယ်ယာဦးစီးဌာန အမှတ် (၈၄) စက်မှုလယ်ယာစခန်းမှ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပေးမည်ဖြစ်ပြီး ပျိုးထောင်ခြင်း၊ ပျိုးသယ်ခြင်း လုပ်ငန်းများအား ဇူလိုင် ၁၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ဒေသခံတောင်သူလယ်သမား မိသားစုတို့၏ လုပ်အားဖြင့် Cash For Work အစီအစဉ်အရ အိမ်ထောင်စု ၆၃၀ မှ လူဦးရေ ၈၀၀ အား လုပ်အားခများ ပေးချေလျက်ရှိသည့်အတွက် လုပ်သားများ နေ့စဉ်ဝင်ငွေတိုးတက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ ကိုဗစ်–၁၉ ကာလအတွင်း ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန် မြေပြုပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ ကြားပေါင်းလိုက်ခြင်းနှင့် ရိတ်သိမ်းခြင်း လုပ်ငန်းများအထိ ဌာနပိုင်စက်များဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေတောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာစေခြင်း၊ Cash For Work အစီအစဉ်အရ ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာစေကာ တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**
**ဓာတ်ပုံ – ခိုင်ဇင်ဝင်း(နေပြည်တော်)**

◆ *ကျော့ဖုံးမှ*

ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ သံရုံးယာယီတာဝန်ခံ မစ္စတာ ဂျော့ချ်ဆစ်ဘလီက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းထံ အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာ ဂျော့ချ်ဆစ်ဘလီ က ကိုဗစ်–၁၉ ကာကွယ်ရေး နှာခေါင်းစည်းနှင့် လက်အိတ်များ ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယနေ့ လှူဒါန်းပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန် အမေရိကန်ဒေါ်လာ ၆၇၅၀၀ နှင့် ညီမျှသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းနှင့် လက်အိတ်များကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းသစ်(MNA)၊ ဓာတ်ပုံ – ဇော်မင်းလတ်**

❊ *ကျော့ဖုံးမှ*

နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျင်ဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်နှင့် ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ဝတ္ထုရှည် ပထမဆုရရှိသည့် စာရေးသူပင်မြင့်စံ (ရွှေဘို)၏ "နားခိုရာမဲ့သူ၏ လောကနိဗ္ဗာန်ဘုံ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။




ယင်းစာအုပ်တွင် မိဘနှစ်ပါး အိမ်ထောင်ပြိုကွဲပြီး နောက်အိမ်ထောင်အသီးသီး ထူထောင်ခဲ့ကြရာ တစ်ဦးတည်းသော သားငယ်မှာ မိခင်ဆီရောက်သောအခါ ပထွေးက မကြည်ဖြူ၊ ဖခင်ထံရောက်ပြန်တော့လည်း မိထွေးငြိုငြင်ခံရပြီး မိဘအိမ်ထောင်ရေး ပြိုကွဲမှုကြောင့် မြေစာပင်ဖြစ်ခဲ့ရသော သားငယ်မှာ မိသားစု၏ နွေးထွေးသောမေတ္တာကို ငတ်မွတ်ခဲ့ရသည့်အပြင် နားခိုရာရင်ခွင်မဲ့ခဲ့ရပြီး စိတ်ဓာတ်ပျက်ပြားသွားသည့် မူးယစ်ဆေးသုံးစွဲမိသူ တစ်ယောက်၏ ဘဝကောက်ကြောင်းကို ကရုဏာသက်ဖွယ်ရာ သမြောက်စွာရေးသားထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေးငွေကျပ် ၆၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေး

**တောင်ကုတ် ဇူလိုင် ၂၉**

တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းနိုင်နှင့်တပ်ဖွဲ့ဝင်များ၊ သံတွဲခရိုင် အမှတ်(၂၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ရဲအုပ်သန်းစိုးအောင်နှင့် ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များသည် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေများ ရှင်းလင်းပွဲကို ယမန်နေ့က စတင်ပြီး မြို့ပေါ်ရပ်ကွက်လမ်းဆုံလမ်းခွများ၌ မော်တော်ဆိုင်ကယ်စီးနင်း သွားလာလျက်ရှိသော ခရီးသွားပြည်သူများအား စုစည်းကာ ပညာပေးဟောပြောသည်။

ထို့နောက် စည်းကမ်းလိုက်နာစွာ သွားလာလျက်ရှိသော မော်တော်ဆိုင်ကယ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး စာတန်းပါ တီရှပ်များ လက်ဆောင်ပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေ လိုအပ်မှုများအတွက် စနစ်တကျစီမံဆောင်ရွက်ပေးဝေလျက် ရှိပါသည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့(WUG)များနှင့်အတူ **"ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်"** ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။

အားလုံးသော ရေသုံးစွဲသူတောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှု နည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာ ပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၇ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၀၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၀၉၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၀ | ကျပ် | ၅၇၀/၅၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၈၅ | ကျပ် | ၅၈၅/၆၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၀/၅၂၀ | ကျပ် | ၅၅၀/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၃၅ | ကျပ် | ၆၇၅/၇၀၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၉ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၈ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၅ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၅ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၅ . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၃ . ၃၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၆၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၂၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၈၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၂ . ၆၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၂၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၀၀၀ | ၁၂၄၉ | ၁၂၅၀၆၅၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၂၉၆၄ | ၁၁၁၇၄၇၀၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၁၈၅ | ၃၉၇၇၅၀၀ |
| TMH | ၂၇၅၀ | ၀ | ၀ | ၀ |
| EFR | ၂၈၀၀ | ၂၈၀၀ | ၁၅၀၀ | ၄၂၀၀၀၀၀ |

ခင်ရတနာ - စုစည်းသည်




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

**ကုမ္ပဏီများ ပြန်လည်ဖွဲ့စည်းခြင်း**

၆၁။ (က) ပြည်တွင်းနေကုမ္ပဏီတစ်ခု (“လွှဲပြောင်းပေးသူ”ဟု ရည်ညွှန်းမည်)သည် ရောင်းဝယ်ရန် ကုန်စည်များမှအပ ရရန်ပိုင်ခွင့်တစ်ခုကို ပြည်တွင်းနေ အခြားကုမ္ပဏီတစ်ခု (“လွှဲပြောင်းရယူသူ”ဟု ရည်ညွှန်းမည်) သို့ ရောင်းချပြီး လွှဲပြောင်းပေးသူသည် လွှဲပြောင်းရယူသူနှင့် စပ်လျဉ်း၍ အုပ်စုကုမ္ပဏီတစ်ခုဖြစ်နေလျှင် –

(၁) ထိုရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချခြင်းမှ မည်သည့်အမြတ်အစွန်း သို့မဟုတ် အရှုံးမျှ ပေါ်ပေါက်ခြင်းမရှိ၊

(၂) လွှဲပြောင်းရယူသူသည် လွှဲပြောင်းပေးသူက ထုခွဲရောင်းချသည့် ရရန်ပိုင်ခွင့်ကို ယင်း၏ တူညီသည့် သဘောသဘာဝအတိုင်း ရရှိသည်ဟု မှတ်ယူရမည်၊

ထို့ပြင်

(၃) ယင်းရရန်ပိုင်ခွင့်ကို ရယူမှုအတွက် လွှဲပြောင်းရယူသူ၏ ကုန်ကျစရိတ်သည် ထုခွဲရောင်းချချိန်တွင် ရှိသည့် လွှဲပြောင်းပေးသူ၏ ယင်းရရန်ပိုင်ခွင့်အတွက် စာရင်းအရလက်ကျန် တန်ဖိုးနှင့် ညီမျှသည်။

(ခ) ရရန်ပိုင်ခွင့်တစ်ခုတွင် ပေးရန်တာဝန်တစ်ရပ် ရှိနေပြီး ယင်းပေးရန်တာဝန်သည် ရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်ထက် မကျော်လွန်မှသာ ပုဒ်မခွဲ (က) သည် ယင်းရရန် ပိုင်ခွင့် ထုခွဲရောင်းချမှုအပေါ် အကျိုးသက်ရောက်စေရမည်။

(ဂ) လွှဲပြောင်းရယူသူ၏ ဝင်ငွေသည် ကင်းလွတ်ခွင့်ပြုထားသည့် ဝင်ငွေ ဖြစ်လျှင်သော်လည်းကောင်း၊ မြန်မာနိုင်ငံတွင် အခွန်မကျသင့်သည့်ဝင်ငွေ ဖြစ်လျှင်သော်လည်းကောင်း ပုဒ်မခွဲ (က) သည် အကျိုးသက်ရောက်မှု မရှိစေရ။

(ဃ) ကုမ္ပဏီတစ်ခုသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် အခြားကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ အုပ်စုကုမ္ပဏီဖြစ်သည်–

(၁) ကုမ္ပဏီတစ်ခုက တိုက်ရိုက်သော်လည်းကောင်း၊ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် ကြားခံတရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်များမှတစ်ဆင့်သော်လည်းကောင်း အခြားကုမ္ပဏီတွင် ထုတ်ဝေထားသော အစုရှယ်ယာများ၏ ၁၀၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားလျှင်၊

(၂) အခြားကုမ္ပဏီတစ်ခုက တိုက်ရိုက်သော်လည်းကောင်း၊ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် ကြားခံတရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်များမှတစ်ဆင့် သော်လည်းကောင်း ယင်းကုမ္ပဏီနှစ်ခုလုံးတွင် ထုတ်ဝေထားသော အစုရှယ်ယာများ၏ ၁၀၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားလျှင်။

(င) ဤပုဒ်မရှိ ကုမ္ပဏီတစ်ခုသို့ ရည်ညွှန်းချက်တွင် စုဝေးဖွဲ့စည်းထားသည့် အဖွဲ့တစ်ခုသာ ပါဝင်သည်။

**အခန်း ( ၅ )**

**သီးသန့်လုပ်ငန်းကဏ္ဍများနှင့် လုပ်ဆောင်မှုများအပေါ် ဝင်ငွေခွန်စည်းကြပ်ခြင်း**

**အပိုင်း ( ၁ )**

**သယံဇာတတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းကဏ္ဍများ**

**အဓိပ္ပာယ်ဖော်ပြချက်များ**

၆၂။ (က) ဤအပိုင်းတွင် အကြောင်းအရာနှင့် ရှေ့နောက်စကားရပ်တို့က အခြားအဓိပ္ပာယ် သက်ရောက်စေခြင်း မရှိလျှင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(၁) **မတည်စရိတ်** ဆိုသည်မှာ ဝင်ငွေသဘောသဘာဝ မဟုတ်ဘဲ မတည်ငွေသဘောသဘာဝရှိသည့် အသုံးစရိတ်ကို ဆိုသည်။

(၂) **စီးပွားဖြစ်ထုတ်လုပ်မှုစတင်ခြင်း** ဆိုသည်မှာ –

(ကက) ဓာတ်သတ္တုတွင်း သို့မဟုတ် ကျောက်မျက်ရတနာတွင်းတစ်ခုတွင် ဆောင်ရွက်သည့် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများအတွက်ဆိုပါက ပထမရက်ပေါင်း ၃၀ ကာလအတွင်း ထုတ်လုပ်မှုအမြင့်မားဆုံး ၂၅ ရက်အတွက် ဓာတ်သတ္တုတွင်း သို့မဟုတ် ကျောက်မျက်ရတနာတွင်း၏ ပျမ်းမျှထုတ်လုပ်မှုအဆင့်သည် ညွှန်ကြားရေးမှူးချုပ်က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဦးစီးဌာန၏ အကြံပြုချက်ဖြင့် သတ်မှတ်ဆုံးဖြတ်သည့် ပမာဏသို့ ရောက်ရှိလျှင် ယင်းကာလ၏ ပထမဆုံးနေ့ဖြစ်သည်။

(ခခ) ရေနံတွင်းတစ်ခုတွင် ဆောင်ရွက်သည့် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများအတွက်ဆိုပါက ညွှန်ကြားရေးမှူးချုပ်က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သက်ဆိုင်ရာဦးစီးဌာန၏ အကြံပြုချက်ဖြင့် သတ်မှတ်ဆုံးဖြတ်သည့် ရေနံစိမ်းကို ပုံမှန်နှင့် အဆက်မပြတ်တင်ပို့မှု သို့မဟုတ် သဘာဝဓာတ်ငွေ့ရောင်းချမှု စတင်သည့် ရက်စွဲဖြစ်သည်။

(၃) **သယံဇာတတူးဖော်ထုတ်ယူခြင်းဆိုင်ရာ မတည်စရိတ် (extraction capital expenditure)** ဆိုသည်မှာ သယံဇာတတူးဖော်ထုတ်ယူသည့် လုပ်ငန်းများကို ဆောင်ရွက်ရာ၌ တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်တစ်ခုခုကို ရယူရာတွင် ကျခံရသည့် အသုံးစရိတ်မဟုတ်သော မတည်စရိတ်များ (capital expenditure) ကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါတစ်ခုခုလည်း ပါဝင်သည် –

(ကက) အောက်ပါတစ်ခုခုကို ရယူရာ၌ ကျခံရသည့် အသုံးစရိတ် –

(၁-၁) “ဤပုဒ်မ၏ ပုဒ်မခွဲငယ်စိတ် ၁၃(ကက)(၁-၁) ပါ အကျိုးစီးပွား မဟုတ်သော ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတွင် ပါဝင်သည့် အကျိုးစီးပွားတစ်ရပ်ရပ်၊

(၁-၂) “ဤပုဒ်မ၏ ပုဒ်မခွဲငယ်စိတ် ၁၃ (ကက)(၁-၂) ပါ သတင်းအချက်အလက် မဟုတ်သောဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးနှင့် ဆက်စပ်နေသည့် သတင်းအချက်အလက်၊

(ခခ) သယံဇာတတူးဖော်ထုတ်ယူမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကျခံရသည့် လူမှုရေးအခြေခံအဆောက်အအုံဆိုင်ရာ အသုံးစရိတ်။

(၄) **သယံဇာတတူးဖော်ထုတ်ယူမှုလုပ်ငန်းများ(extraction operations)** ဆိုသည်မှာ အောက်ပါတစ်ခုခုကိုဆိုသည် –

(ကက) ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်တစ်ရပ်ရပ်အရ ဆောင်ရွက်သည့် လုပ်ငန်းများ၊

( ခခ ) ရေနံတူးဖော်ထုတ်ယူခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ ဆောင်ရွက်သည့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှု၊ ထုတ်ယူမှုနှင့် ထုတ်လုပ်မှုလုပ်ငန်းများ။

(၅) **ထပ်ဆင့်အပ်နှံခြင်း သဘောတူညီချက် (farm-out agreement)** ဆိုသည်မှာ ပုဒ်မ ၆၈ အရ အကျိုးသက်ရောက်သည့် သဘောတူညီချက်ကို ဆိုသည်။

(၆) လိုင်စင်ရရှိသူက ဆောင်ရွက်သည့် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ **လိုင်စင်ရသည့် နယ်မြေ** ဆိုသည်မှာ ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများကို လုပ်ဆောင်နိုင်စေသည့် ဓာတ်သတ္တု သို့မ ဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးနှင့် အကျုံးဝင်သည့် နယ်မြေကိုဆိုသည်။

(၇) **လိုင်စင်ရရှိသူ** ဆိုသည်မှာ အောက်ပါ ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည် –

(ကက) ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးရရှိသူ၊

( ခခ ) ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေး ရရှိသူ။

(၈) **ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာလုပ်ငန်းများ (mining operation)** ဆိုသည်မှာ ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ ဆောင်ရွက်သည့် လုပ်ငန်းများကို ဆိုသည်။

(၉) **သတ္တုရှာဖွေခြင်းဆိုင်ရာအခွင့်အရေး (mining prospecting right)** ဆိုသည်မှာ မြန်မာ့သတ္တုတွင်းဥပဒေနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ပေးအပ်ထားသည့် စူးစမ်းရှာဖွေရန် သို့မဟုတ် စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ကို ဆိုသည်။

(၁၀) **ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာအခွင့်အရေး (mining right)** ဆိုသည်မှာ မြန်မာ့သတ္တုတွင်းဥပဒေနှင့် မြန်မာ့ကျောက်မျက် ရတနာဥပဒေအရ စူးစမ်းရှာဖွေရန်၊ စမ်းသပ်တိုင်းတာရန် သို့မဟုတ် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို ဆိုသည်။

(၁၁) **ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာလုပ်ငန်းများ(petroleum operation)** ဆိုသည်မှာ ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ ဆောင်ရွက်သည့် လုပ်ငန်းများကို ဆိုသည်။

(၁၂) **ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာအခွင့်အရေး (petroleum right)** ဆိုသည်မှာ ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ဆက်စပ်သည့် ဥပဒေအရဖြစ်စေ၊ အခြားဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ရေနံတူးဖော် ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး ပဋိညာဉ်တစ်ရပ် ကိုဆိုသည်။

(၁၃) **ရှာဖွေခြင်းဆိုင်ရာအသုံးစရိတ် (prospecting expenditure)** ဆိုသည်မှာ တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်တစ်ရပ်ကို ရယူရာ၌ ကျခံရသည့် အသုံးစရိတ်မှအပ ရှာဖွေခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ ကျခံရသည့် အသုံးစရိတ်ကိုဆိုပြီး ယင်းတွင် အောက်ပါတစ်ခုခု ပါဝင်သည် –

(ကက) အောက်ပါတစ်ခုခုကို ရယူရာ၌ ကျခံရသည့် အသုံးစရိတ် –

(၁-၁) အစိုးရထံမှ သို့မဟုတ် ထပ်ဆင့်အပ်နှံခြင်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်အရ ရရှိသည့် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ ရှာဖွေခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ် သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်တွင် ပါဝင်သည့် အကျိုးစီးပွား၊

(၁-၂) အစိုးရထံမှ သို့မဟုတ် ထပ်ဆင့်အပ်နှံခြင်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်အရရရှိသည့် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ ရှာဖွေခြင်းဆိုင်ရာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာအခွင့်အရေး တစ်ရပ်နှင့် ဆက်စပ်နေသည့် သတင်းအချက်အလက်၊

သို့သော် ရေနံတူးဖော်ထုတ်လုပ်ခြင်း ဆိုင်ရာ အခွင့်အရေးနှင့် ဆက်စပ်ကိစ္စရပ် ဖြစ်ပါက သက်ဆိုင်ရာ တင်ဒါတင်သွင်းမှု၏ ရလဒ်ကို မကြေညာမီကျခံခဲ့ရသည့် မည်သည့်စရိတ်မျှ မပါဝင်။

(ခခ) ရှာဖွေခြင်းဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကျခံရသည့် လူမှုရေးအခြေခံအဆောက်အအုံဆိုင်ရာ အသုံးစရိတ်။

(၁၄) **ရှာဖွေခြင်းဆိုင်ရာလုပ်ငန်းများ (prospecting operation) ဆိုသည်မှာ** –

(ကက) ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက် ရတနာ ရှာဖွေခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ ဆောင်ရွက်သည့် လုပ်ငန်းများ၊ သို့မဟုတ်

( ခခ ) ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေး တစ်ရပ်အရ ဆောင်ရွက်သည့် ရှာဖွေခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆိုသည်။

(၁၅) **ဝန်ဆောင်မှုများ** ဟုဆိုရာတွင် ကိရိယာများ ငှားရမ်းခြင်းလည်း ပါဝင်သည်။

(၁၆) **လူမှုရေးအခြေခံအဆောက်အအုံအသုံးစရိတ်** ဆိုသည်မှာ အများပြည်သူဆိုင်ရာ ကျောင်း၊ ဆေးရုံ၊ လမ်း သို့မဟုတ် အလားတူဖြစ်သည့် လူမှုရေးအခြေခံအဆောက်အအုံတစ်ခုကို ဆောက်လုပ်ခြင်းအတွက်ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ လိုင်စင်ရရှိသူက ကျခံရန် လိုအပ်သည့် ငွေလုံးငွေရင်း အသုံးစရိတ်ကို ဆိုသည်။

(၁၇) **တစ်ဆင့်ခံလုပ်ငန်းဆောင်ရွက်သူ (subcontractor)** ဆိုသည်မှာ ဝန်ထမ်းတစ်ဦးအဖြစ် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း မဟုတ်ဘဲ လိုင်စင်အရဆောင်ရွက်သည့် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုင်စင်ရရှိသူထံ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသည့် ပုဂ္ဂိုလ်ကိုဆိုသည်။

(ခ) ဤဥပဒေတွင် အနက်အဓိပ္ပာယ် ဖွင့်ဆိုထားခြင်းမရှိသည့် စကားရပ်များကို မြန်မာ့ ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာဥပဒေ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့် ရေနံဆိုင်ရာဥပဒေများတွင် အဓိပ္ပာယ်ဖွင့်ထားပြီး ဤဥပဒေပါ အကြောင်းအရာနှင့် ရှေ့နောက်စကားရပ်တို့က အခြားအဓိပ္ပာယ်သက်ရောက်စေခြင်း မရှိလျှင် ယင်းဥပဒေများတွင် ဖော်ပြထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကိုလိုနီခေတ်ဦး ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု

**သိပ္ပံစာရေးဆရာကိုကိုအောင်**

**မြန်မာနိုင်ငံကို ဗြိတိသျှတို့က စစ်သုံးကြိမ်တိုက်ခိုက်ပြီး သိမ်းပိုက်ခဲ့သည်။ ပထမစစ်ပွဲအပြီး ၁၈၂၅ ခုနှစ်တွင် ရခိုင်နှင့် တနင်္သာရီဒေသတို့ကိုလည်းကောင်း၊ ဒုတိယစစ်ပွဲအပြီး ၁၈၅၂ ခုနှစ်တွင် အောက်မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကိုလည်းကောင်း သိမ်းယူခဲ့သည်။ တတိယစစ်ပွဲအပြီးတွင်မူ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ်မှ ဗြိတိသျှတို့၏ ကိုလိုနီနယ်မြေအဖြစ်သို့ ရောက်ရှိကာ ဗြိတိသျှအင်ပါယာအတွင်းရှိ အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ်သို့ ရောက်ရှိသွားခဲ့ရတော့သည်။**

ရခိုင်၊ တနင်္သာရီနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတို့ကို ပူးပေါင်းဖွဲ့စည်းထားသော ဗြိတိသျှမြန်မာပြည်ခေါ် အောက်မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့် ကူးသန်းရောင်းဝယ်ရေးမှာ ရှေးကထက် များစွာတိုးတက်လာခဲ့သည်။

**အောက်မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးမှု**

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီး ဗြိတိသျှစိုးမိုးမှုအောက်သို့ ရောက်ရှိခဲ့သော ရခိုင်တွင် ၁၈၃၀ ပြည့်နှစ်က စပါးစိုက်ပျိုးဧကပေါင်း ၆၆၀၀၀ ခန့်ရှိပြီး ကျိုက္ခမီ၊ ထားဝယ်၊ မြိတ်အပါအဝင် တနင်္သာရီဒေသတွင် ဧက ၄၀၀၀၀ ခန့်ရှိခဲ့သည်။ ထိုစဉ်ကပင် ရခိုင်ဒေသမှ ဆန်စပါးကို အိန္ဒိယသို့ တင်ပို့ရောင်းချမှုရှိသကဲ့သို့ တနင်္သာရီဒေသမှ ဆန်စပါးကိုလည်း မလေးကျွန်းဆွယ်ဘက်သို့ တင်ပို့ရောင်းချခြင်းများ ရှိနေပြီဖြစ်သည်။

အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး မြစ်ဝကျွန်းပေါ်ဒေသကို ဗြိတိသျှတို့သိမ်းပိုက်ပြီးစ ၁၈၅၅ ခုနှစ်တွင် ရခိုင်ဒေသ၌ ဆန်စပါးစိုက်ပျိုးဧက ၃၅၀၀၀၀ အထိဖြစ်လာကာ တနင်္သာရီဒေသတွင်လည်း ဧက ၁၈၀၀၀၀ အထိ တိုးတက်လာခဲ့သည်။ ထိုနှစ်က ပုသိမ်၊ ပဲခူး၊ သန်လျင်၊ တောင်ငူအပါအဝင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ ဆန်စပါးစိုက်ပျိုးဧက ၅၆၃၀၀၀ ရှိခဲ့သဖြင့် အောက်မြန်မာနိုင်ငံတွင် ဆန်စပါးစိုက်ပျိုးဧကစုစုပေါင်းမှာ ၁၀၉၃၀၀၀ ဖြစ်သည်။

## လယ်ယာလုပ်ငန်းကို တိုးချဲ့ခြင်း

အရင်းရှင်စီးပွားရေးစနစ်အရ ဆန်စပါးကို စီးပွားဖြစ်ရောင်းချရန် တိုးချဲ့စိုက်ပျိုးလာသည့်အခါတွင် နိုင်ငံခြားသား အရင်းရှင်ကြီးများအတွက် မြန်မာ့ဆန်စပါးရောင်းဝယ်ရေးကို လက်ဝါးကြီးအုပ် ချုပ်ကိုင်ခြယ်လှယ် အမြတ်ထုတ်နိုင်ရန် အခွင့်အလမ်းများစွာ ပေါ်ပေါက်လာတော့သည်။ မြေလွတ်မြေရိုင်းပေါ်များလှသော အောက်မြန်မာနိုင်ငံတွင် တောရိုင်းမြေများကို ခုတ်ထွင်ရှင်းလင်းပြီး လယ်ယာမြေအဖြစ် စိုက်ပျိုးလုပ်ကိုင်မည့် တောင်သူဦးရေက နည်းပါးနေသည်။ ဗြိတိသျှအစိုးရက ကျဉ်းမြောင်းနေသေးသော လယ်ယာမြေလုပ်ငန်းကို ဖွံ့ဖြိုးစေရန် နည်းအမျိုးမျိုးဖြင့် တိုးချဲ့အားပေးလုပ်ဆောင်ခဲ့သည်။

ရှေးအခါက မည်သူမဆို တောရိုင်းမြေကို ခုတ်ထွင်ရှင်းလင်းပြီး လယ်မြေအဖြစ် ပြောင်းလဲကာ ဓားမဦးချမြေအဖြစ် ပိုင်ဆိုင်လုပ်ကိုင်ခွင့် ရှိခဲ့သည်။ အောက်မြန်မာနိုင်ငံကို ဗြိတိသျှတို့က စိုးပိုင်သွားသောအခါ မြေယာပိုင်ဆိုင်မှုစနစ်ကို အမျိုးမျိုးပြောင်းလဲကာ မြေယာတီထွင်မှုကို အားပေးခဲ့သည်။ ပထမဆုံး အသုံးပြုခဲ့သော စက္ကူတာစနစ်မှာ မြန်မာဘုရင်များ လက်ထက်က ဓားမဦးချစနစ်နှင့် အနည်းငယ်ဆင်တူသည်။ ကွာခြားချက်မှာ စက္ကူတာ စနစ်က အခွန်တော်ပေးပါမည်ဟူသော ဝန်ခံချက်ဖြင့် မြေယာခုတ်ထွင် လုပ်ကိုင်ခွင့်ရသော်လည်း အစိုးရက လျော်ကြေးမပေးဘဲ မြေယာမှ နှင်ထုတ်ခွင့်ရှိသည်။ နောက်ပိုင်းတွင် ရှေးမြန်မာ့ရိုးရာစနစ်အပေါ်မူတည်၍ ပြဋ္ဌာန်းသော ၁၈၇၆ ခုနှစ် လယ်ယာမြေနှင့် အခွန်တော် အက်ဥပဒေအရ ၁၂ နှစ်ဆက်တိုက် မပျက်မကွက် အခွန်တော်ထမ်းဆောင်ပြီးပါက ထိုမြေကို ပိုင်ဆိုင်ခွင့်ရခဲ့သည်။

## လယ်လုပ်သူများခေါ်ဆောင်လာခြင်း

တောရိုင်းမြေများကို ခုတ်ထွင်ရှင်းလင်းပြီး လယ်ယာမြေ တိုးချဲ့တီထွင်ရန်အတွက် မြေယာစနစ်ထက် လူအင်အားရှိရန် ပို၍လိုအပ်သည့်အားလျော်စွာ ဗြိတိသျှအစိုးရက အထက်မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးသူများအား ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံသို့ ပြောင်းရွှေ့လာစေရန် နည်းမျိုးစုံဖြင့် သွေးဆောင်ခဲ့သည်။ မြေယာစနစ်များ စမ်းသပ်ချမှတ်ကာ လုပ်ဆောင်ခဲ့သည့်အပြင် အထက်မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလာသူများအား လယ်ယာမြေတီထွင်လုပ်ကိုင်စဉ် နှစ်နှစ်အတွင်း သဿမေအခွန်ကို လွတ်ငြိမ်းခွင့်ပြုခဲ့သည်။ ဤနည်းဖြင့် ဗြိတိသျှ မြန်မာပြည်တွင် လူဦးရေတိုးပွားလာစေခဲ့သည်။

အထက်မြန်မာနိုင်ငံမှ ဗြိတိသျှမြန်မာပြည်သို့ ဆင်းလာသူများသည် ကနဦးတွင် ယာယီလုပ်သားများအဖြစ် လယ်လုပ်ချိန်၊ ရိတ်သိမ်းချိန်များ၌ လာရောက်အလုပ်လုပ်ကြသော်လည်း လုပ်ငန်းပြီးချိန်တွင် မူလနေရပ်သို့ ပြန်ကြသူက များခဲ့သည်။ လွှတိုက်၊ လွှဆွဲ၊ သစ်ခွဲလုပ်ငန်းများတွင် လာရောက်လုပ်ကိုင်သူများလည်း ရှိခဲ့သည်။ ထိုကဲ့သို့ အထက်မြန်မာနိုင်ငံမှ ဆင်းလာသော အလုပ်သမားများ ဦးရေမှာ ၁၈၇၀ ပြည့်နှစ် နောက်ပိုင်းတွင် တစ်စတစ်စ တိုးတက်လာခဲ့သည်။ ရေကြည်ရာမြက်နုရာရှာဖွေရင်း အောက်မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ကာ လယ်ကူလီဘဝမှစ၍ အရင်းအနှီးရှာဖွေစုဆောင်းချေးငှားလျက် ပင်ပန်းဆင်းရဲခံပြီး မြေလွတ်မြေရိုင်းများကို လယ်မြေအဖြစ် တီထွင်ပြောင်းလဲကာ အခြေချနေထိုင်လာသော တောင်သူဦးရေမှာ ၁၈၈၁ ခုနှစ်တွင် ၃၁၆၀၀၀ ခန့်အထိ ရှိလာခဲ့သည်။

## ပြည်ပအလုပ်သမားများ ခေါ်သွင်းလာခြင်း

ထို့ပြင် ဗြိတိသျှအစိုးရက စရိတ်ကျဉ်းကျဉ်းဖြင့် လုပ်ခဈေးပေါပေါရနိုင်သော အိန္ဒိယနိုင်ငံသားများကို ဗြိတိသျှမြန်မာပြည်သို့ လာရောက်နေထိုင်ရန် လုပ်

**“စိုက်ပျိုးရေးလုပ်ငန်း တိုးချဲ့ကျယ်ပြန့်လာခြင်းသည် ကူးသန်းရောင်းဝယ်ရေး လွယ်ကူချောမွေ့ပြီး ဖွံ့ဖြိုးတိုးတက်လာသောကြောင့် ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်သမျှ ထွက်ကုန်များကို ရောင်းချရန်အတွက် စိတ်ချရသော ဈေးကွက်ရှိသဖြင့် စိုက်ပျိုးသူများအဖို့ စိုက်အားရှိကာ ကြိုးစား၍ တိုးချဲ့စိုက်ပျိုးကြခြင်းဖြစ်သည်။ ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်ရေး တိုးတက်လာခြင်းသည် လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတိုးတက်ပြောင်းလဲလာမှုကြောင့်လည်းဖြစ်”**

ဆောင်ခဲ့သည်။ ၁၈၇၄ ခုနှစ်တွင် စရိတ်ငွေတစ်သိန်း အကုန်အကျခံ၍ အိန္ဒိယနိုင်ငံသား ၇၀၀၀ ကို အောက်မြန်မာနိုင်ငံသို့ ခေါ်ယူခဲ့သည်။ ထို့နောက် ၁၈၇၆ ခုနှစ်တွင် အလုပ်သမားဥပဒေတစ်ရပ် ပြဋ္ဌာန်းကာ အိန္ဒိယပြည် ကိုကိုနာဒမြို့နယ်တွင် အလုပ်သမားစုဆောင်းရေး ကိုယ်စားလှယ် ခန့်ထားပြီး မဒရပ်စ်မှ အလုပ်သမားများကို နှစ်စဉ်ခေါ်ယူခဲ့သည်။ ထို့ပြင် ၁၈၈၂-၈၃ ခုနှစ်များတွင် ဘီဟာနယ်နှင့် ဒါဂျီလင်တို့မှ လူ ၁၀၀၀ လျှင် ကျပ်ငွေ ၃၀၀၀၀ အကုန်အကျခံခေါ်ယူကာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်စေခဲ့သည်။

ထိုကဲ့သို့လာရောက်ကြသော အိန္ဒိယနိုင်ငံသားများသည် အစပိုင်းတွင် စပါးရိတ်သိမ်းချိန်၌ အလုံးအရင်းဖြင့် လာရောက်ကြပြီး အလုပ်သိမ်းချိန်တွင် ငွေထုပ်ပိုက်၍ နေရပ်သို့ပြန်ကြသည်။ သို့ရာတွင် အလုပ်အကိုင်ပေါများကာ အနေအစားချောင်သော ဗြိတိသျှမြန်မာပြည်၌ အစိုးရ၏အကူအညီကိုပါ ရရှိကြသဖြင့် တစ်စတစ်စ အခြေချနေထိုင်သူများ တိုးပွားလာခဲ့သည်။ ၁၈၈၀ ပြည့်နှစ်မတိုင်မီက တစ်နှစ်လျှင် အိန္ဒိယမှ အလုပ်သမား ၁၆၀၀၀ ခန့်သာ အဝင်ရှိခဲ့သော်လည်း ၁၈၈၂ ခုနှစ်မှ ၁၈၈၄ ခုနှစ်အတွင်း ဗြိတိသျှအစိုးရ၏ သင်္ဘောခများ လျှော့ချပေးမှုဖြင့် ၁၈၈၅ ခုနှစ်တွင် အိန္ဒိယအလုပ်သမား ၅၆၀၉၅ ဦးအဝင်ရှိခဲ့သည်။ အဆိုပါ အိန္ဒိယနိုင်ငံသားများသည် လယ်ယာစိုက်ပျိုးရေးတွင်လည်းကောင်း၊ ဆိပ်ကမ်းမြို့ကြီးများ၌ အလုပ်ကြမ်းသမားများအဖြစ်လည်းကောင်း ဝင်ရောက် နေရာယူလာခဲ့ကြသည်။

**လူဦးရေတိုးလာအောင် ဆောင်ရွက်ခြင်း**

